မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၁)

တပေါ်စ၊ တော် မင်္ဂလ မုတ္တမ်

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၄နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်၍ လိုက်ဝိတ်တန်း(ခ)အဆင့်၊ လိုက်ဝယ်တာဝိတ်တန်း(ခ)အဆင့်၊ ပင်းဝိတ်တန်း(က)အဆင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲတွင် ပထမဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများ ပွင့်လင်းရာသီ၌ ပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက မင်းဘူး-မင်းလှလမ်းပေါ်ရှိ တံတားအမှတ်(၄/၆) ဖလံရုံတံတားသို့ ရောက်ရှိပြီး တံတားကြီး၏ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ အရှည် ၂၅၂ ပေရှိ တံတားအမှတ်(၂/၁၀) ရွာသာယာတံတား တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် မင်းဘူး-စလင်း-ဆိပ်ဖြူလမ်းပေါ်ရှိ မန်းချောင်းတံတား၊ မုန်းချောင်းတံတားနှင့် စလင်းချောင်းတံတား(နွယ်တမယ်)တို့၏ တံတားကြံ့ခိုင်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် မကွေး-တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ တံတားအမှတ်(၁/၂၇) ယင်းချောင်းတံတား တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး ဝန်ကြီးက ရေလမ်းကြောင်းကို သေချာစွာတိုင်းတာတွက်ချက်ပြီးမှ တံတားအုကြောင်းနေရာ ရွေးချယ်သတ်မှတ်ရန် မှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

သင်္ဘောသီးမှည့် စားသုံးခြင်းဖြင့် အူမကြီးကင်ဆာ ကာကွယ်နိုင်

သင်္ဘောသီးအရသာမှာ ချိုသည်၊ ခါးသက်သော အရသာလည်းရှိသည့်အပြင် အနည်းငယ်ဖန်သည့် အရသာလည်းရှိသည်။ သင်္ဘောသီးသည် တစ်နှစ်ပတ်လုံး ပေါများစွာထွက်ရှိသော်လည်း နွေဦးရာသီ၌ အသီး နည်းတတ်သည်။

ဗီတာမင်စီ

သင်္ဘောသီးတွင် ဗီတာမင်စီ၊ ပိုတက်စီယမ်၊ အမျှင်ဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်အီး၊ ဗီတာမင်ကေတို့ပါဝင်သည်။ အပေါများဆုံး ပါဝင်သည့် ဓာတ်မှာ ဗီတာမင်စီဖြစ်သည်။ ဗီတာမင်စီပါဝင်မှု အချိုးအစားမှာ ၃၁၃ ဒသမ ၁ ရာခိုင်နှုန်းအထိရှိသည်။

ဖယ်ရှား

သင်္ဘောသီးမှည့်ကို နေ့စဉ်ပုံမှန်စားသုံးပါက အူမကြီးကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည်။ ထို့အပြင် နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းတို့ကိုလည်း ကာကွယ်ပေးနိုင်သည့်အပြင် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်သည်။

ကာကွယ်

တစ်ဖန်သင်္ဘောသီးမှည့်ကို သီတင်းတစ်ပတ်လျှင် လေးကြိမ်ခန့် စားသုံးသူများသည် သွေးလည်ပတ်မှုကောင်းမွန်ပြီး လေဖြတ်ခြင်းမှလည်း အကာအကွယ်ပေးနိုင်ကြောင်း၊ အစာချေဖျက်မှုကို အထောက်အကူပြုပြီး ဆီး၊ ဝမ်း မှန်စေကြောင်း၊ သွေးကြောနံရံများ ပျက်စီးမှုကိုလည်း ထိန်းသိမ်းပေးနိုင်ကြောင်း သိရသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်)

တပ်မတော် ဆေးဘက်ပညာသည်များ၏ ဂုဏ်ရည် ထာဝရထွန်းပြောင်စေရေး ကြိုးပမ်းစွမ်းဆောင်

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဇန်နဝါရီလ၇ရက်နေ့ နံနက်က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက် မိန့်ခွန်းပြောကြားသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသား တပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များကို မွေးထုတ်ပေးလျက်ရှိသည်။

အဆိုပါတက္ကသိုလ်တွင် သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့နှင့် ရောဂါရှာဖွေရေး နည်းပညာ၊ ဓာတ်မှန်ပညာ၊ ကာယကုသမှုပညာ စသည်ဖြင့် ဆေးဘက်ပညာသိပ္ပံဘွဲ့များကို သင်ကြားပို့ချပေးလျက်ရှိသည်။ အရည်အသွေးမီသူများကိုလည်း မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့အဆင့်ထိ တက်ရောက်သင်ကြားခွင့် ပေးထားသည်။

သူနာပြုလုပ်ငန်းသည် မေတ္တာကရုဏာကြီးမားမှု၊ စေတနာထက်သန်မှု၊ အပင်ပန်းအဆင်းရဲခံနိုင်မှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ မွန်မြတ်သောနှလုံးရည်နှင့် ပြည့်စုံသူများသာ ထမ်းဆောင်နိုင်သည့် တာဝန်မျိုးဖြစ်သည်။

သင်တန်းဆင်း သူနာပြုစစ်သည်များသည် လက်ရုံးရည်ဖြစ်သည့် တိုက်ရည်ခိုက်ရည်ရှိခြင်း၊ နှလုံးရည်ဖြစ်သည့် စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ဖြင့် ပြည့်ဝနေရမည်ဖြစ်သကဲ့သို့ မိမိတို့တတ်ကျွမ်းသော ဆေးပညာဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာ တာဝန်များကို ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည် ဆောင်ပုဒ်နှင့်အညီ ထူးချွန်ထက်မြက်စွာ ထမ်းဆောင်ရင်း တပ်မတော် ဆေးဘက်ပညာသည်များ၏ ဂုဏ်ရည် ထာဝရထွန်းပြောင်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မနောသုခလမ်း အမှတ်၃၅နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးသောင်းမြင့်-ဒေါ်အေးစန္ဒာ၊ သားရဲသူရမောင်၊ ခန့်သူရမောင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ **(အောက်ပုံ)** ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်း၊ ဦးအေးမြင့်နှင့် ဦးမောင်လှိုင်တို့က လက်ခံယူသည်။

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၆ရက် မွန်းလွဲ၂နာရီက ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဘာသာစကားသင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အရေးပါပုံကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးဒေါက်တာ ချမ်းငြိမ်းသည် ယမန်နေ့ နံနက်ပိုင်းက လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ လှိုင်မြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း**(အပေါ်ပုံ)**နှင့် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းများသို့ရောက်ရှိပြီး ကျောင်းသား၊ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းခြံမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၈

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် သဃ်န်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂုဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အသက် ၈၀နှင့်အထက် အဘိုး၊ အဘွားများနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ရန်ကုန်ရှိ မြင်းခြံမြို့နယ်သူ မြို့နယ်သားများ၏ သားသမီးများသည် ဒေါက်တာ ဦးဖေစိန် ဖုန်း-၅၀၃၂၇၀၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂ ၆၈၊ ဦးထိန်လင်း ဖုန်း-၆၉၉၅၀၉နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆွမ်းအောင်ပွဲအထိမ်းအမှတ် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ် (၅)ရပ်ကွက် ၃၇လမ်း (အောက်လမ်း)မိသားစု၏ ၁၃၆၉ခုနှစ် ဝါတွင်းမဟာသံဃိကဘောဇနဒါန ဆွမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ပထမအကြိမ် ဓမ္မသဘင်၌ ဇန်နဝါရီ ၁၁၊ ၁၂နှင့်၁၃ရက် ည ၇နာရီမှစ၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒက(သီရိမင်္ဂလာမဟာစည်ဆရာတော်)နှင့် နိုင်ငံကျော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း-ရွှေဟင်္သာဆရာတော်)တို့က တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီ ရုပ်မြင်သံကြား

၉-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၁၁)
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၀)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	English Usage
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၂၂)

လျှပ်စစ်မီတာများ စမ်းသပ်ချိန်ညှိဆောင်ရွက်မှုများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက်၁၀နာရီက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း အလုံမြို့နယ် ကမ်းနားလမ်းရှိ ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ(၁)သို့ သွားရောက်၍ အိမ်သုံးလျှပ်စစ်မီတာအသစ်များ၊ ရပ်၊ ပျက်၊ နေ့မီတာများ စမ်းသပ်ချိန်ညှိစစ်ဆေးခြင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ(၁) ရန်ကုန်အင်ဂျင်နီယာမှူးကြီး ဦးညွန့်သန်းက အိမ်သုံးမီတာများအပြင် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများရှိ ဗို့အားမြင့်လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများကို စမ်းသပ်ချိန်ညှိ စစ်ဆေးဆောင်ရွက်ပေးမှုအခြေအနေ၊ စမ်းသပ်ခုံ အသစ်ကိုးခုံ အစားထိုးတပ်ဆင်၍ မီတာများ စမ်းသပ်ချိန်ညှိပေးနေမှု အခြေအနေများ၊ ပြည်နယ်နှင့်တိုင်းများသို့ထွက်၍ နယ်လှည့်စမ်းသပ်ချိန်ညှိ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို မှာကြားပြီး လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ(၁)ရှိ စမ်းသပ်ခန်းများ၌ မီတာများစမ်းသပ်ချိန်ညှိ အရည်အသွေးမြှင့် စစ်ဆေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ Y.P.I အထည်ချုပ်စက်ရုံဝန်ထမ်းများမှ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ရက်က သုဝဏ္ဏ ၂၉ရပ်ကွက် ကမာကြည်လမ်း Y.P.I စက်ရုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ ခရိုင်အသင်းအတွင်းရေးမှူး ဦးဇော်အောင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းလီနှင့် အဖွဲ့ဝင်များ၊ စက်ရုံပိုင်ရှင်များနှင့် မန်နေဂျာများ၊ တာဝန်ခံများနှင့် စက်ရုံဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားသည်။

ယင်းနောက် စက်ရုံမန်နေဂျာ ဦးစိုးမင်းထွန်းက အသင်းဝင် အဆိုပြုလွှာ အစောင် ၆၇၀ကို ပေးအပ်ရာ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံယူပြီး အသင်းဝင်ကတ်ပြားများကို စက်ရုံမန်နေဂျာ ဦးစိုးမင်းထွန်းအား ပြန်လည်ပေးအပ်လိုက်သည်။ **(အပေါ်ပုံ)** (၁၂၁)

မဟာဗောဓိစေတီ မနောရမကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီး ကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဦးဟန်အေး–ဒေါ်ခင်မိုးထိုက်၊ သား မြင့်မိုရ်ဟန်၊ မင်းကန့်ဘုန်းဟန် တိုက်၁၊ C-3 အရှေ့အာဇာနည်လမ်း ဂွတ္တလစ် ဗဟန်း ရန်ကုန်က အလှူငွေကျပ်သိန်း၂၀ကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(ဝဲပုံ)**

လှူဒါန်းနိုင်

မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း–၀၁–၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု ပဒေသာမြို့သစ် ရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ပဒေသာမြို့သစ် ရတနာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၉နာရီက အဆိုပါ လမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဖွင့်ပွဲမုခ်ဦးဆိုင်းဘုတ်ကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်ဖေယျာအောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

သွားလာမှုအဆင်ပြေ

အဆိုပါ လမ်းသစ်မှာ ပဒေသာမြို့သစ် ချယ်ရီလမ်းကိုဖြတ်ပြီး ပဒေသာ မြို့သစ်တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့ကို ဆက်သွယ်ပေးသော အဓိကလမ်းဖြစ်ပြီး လမ်းသစ် ဆောင်ရွက်ပေးခြင်းအတွက် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေ လွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နေပြည်တော်ပျဉ်းမနား အထက(၁) အာစရိယပူဇော်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၁၉၆၅–၁၉၇၅ ပညာသင်နှစ် ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

အစီအစဉ်အရ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနီနီမောင်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဆရာဦးဘုန်းကျော်က ကျင်းပရေးကော်မတီနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားမှူး ဆရာမဒေါ်မေသက်က အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် မိတ်ဆက်ပေးပြီး အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ငွေများ ပေးအပ်ကာ ကျောင်းသားဟောင်း ဦးဝင်းနိုင်က ကန်တော့ချိုးကို ဖတ်ကြား၍ ပူဇော်ကန်တော့ကြသည်။

မိတ်ဆက်စကား

ထို့နောက် တက်ရောက်လာကြသူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကျောင်းသားဟောင်း တစ်ဦးဖြစ်သူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးတို့က မိတ်ဆက်စကား ပြောကြားကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် အလှူရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုလွှာများပေးအပ်၍ ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာဦးစိန်မောင်၊ ဆရာဦးသိန်းလွင်၊ ဆရာမဒေါ်မူမူမြင့်နှင့် ဒေါ်လှလှသန်းတို့က ဆုံးမစကားပြောကြားကြပြီး ကျောင်းသားဟောင်းဦးလှမြင့် (မန္တလေး)က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀ – ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅	**ပတ္တမြားလေးလုံးနဲ့ အပြုံးလှသား** တရားတော် (သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ)
၇:၅၀ – ၁:၅၀	Industrial Talk [ဦးမောင်မောင်သောင်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈:၂၀ – ၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀ – ၂:၅၀	မွေးနေ့အလှူကုသိုလ်ယူ ရန်မာန်ငြိမ်းချမ်း မဟာပဌာန်း
၉:၀၅ – ၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀ – ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ – ၃:၂၀	Midweek Sports News
၉:၃၅ – ၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀ – ၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅ – ၃:၄၅	မြတ်နိဗ္ဗာန်သို့သွားရာ အေးချမ်းသာယာ စန္ဒကူးမြိုင်ရိပ်သာ
၁၀:၂၀ – ၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅ – ၄:၂၅	မိုးလေဝသ ခန့်မှန်းချက်
၁၀:၃၀ – ၄:၃၀	မြန်မာ့စပီရှုလိုင်းနား
၁၀:၅၀ – ၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ – ၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅ – ၅:၀၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ဂျပန် Hot Pot [Yose Nabe] ပြုလုပ်နည်း)
၁၁:၃၅ – ၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀ – ၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅ – ၅:၄၅	ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ၊ အရိုင်း) [ဒါရိုက်တာ မြင့်စိုး(ဝ/သ)]
၁၂:၁၀ – ၆:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅ – ၆:၁၅	အုန်းခွံပေါ်မှအနုပညာ
၁:၀၀ – ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ညီညွတ်သော၊ အေးချမ်းသော ကျေးလက်စာပေခရီး

ညီညွတ်ရေးတရား။ မညီမညွတ် ငြင်းခုံခိုက်ရန်ဖြစ်ပွားခြင်းကို ပျက်စီးတတ်သောဘေးဟုမြင်ပြီး ငြင်းခုံခိုက်ရန် ကင်းဝေးစည်းဝေး ညီညွတ်ခြင်းကို ဘေးဘျမ်းမရှိ ချမ်းသာ၏ဟု မြင်ပြီး၍ ညီညွတ်ကုန်သည်၊ အပြေအပြစ်ရှိကြကုန်သည် ဖြစ်ကြကုန်လော့။ ဤသို့ ညီညွတ်ကြကုန်သည် ဟူသော အဆုံးအမသည် ဘုရားအဆူဆူတို့၏ အဆုံးအမတော်တည်း။

ယောအတွင်းဝန် ဦးဘိုးလှိုင်

(ရာဇဓမ္မသင်္ဂဟကျမ်းမှ)

အထက်ဖော်ပြပါ ရာဇဓမ္မသင်္ဂဟကျမ်း၌ ယောမင်းကြီးဦးဘိုးလှိုင် ရေးသားခဲ့တဲ့ **"ညီညွတ်ရေးတရား"**ဆိုတဲ့ စာသားစာပိုဒ်ကို ၂၆-၁၁-၂၀၀၇ ရက်နေ့ မွန်းလွဲ ၁၂နာရီခွဲတွင် မအူပင်မြို့နယ် **လေးအိမ်စုကျေးရွာရှိ မင်္ဂလာစာကြည့်တိုက်**ရဲ့ နံရံတစ်နေရာမှာ ထင်ထင်ရှားရှား တွေ့ခဲ့ရပါတယ်။ ဒါဟာ ခုမှရေးကပ်တာလားဆိုရင်တော့ မဟုတ်ပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က စာကြည့်တိုက် အမှုဆောင်တွေက ကောင်းနိုးရာရာ အဆိုအမိန့်တွေကို ကောက်နုတ်ကိုးကားပြီး ရေးသားချိတ်ဆွဲထားခဲ့တာပါ။ ပေါ်ပင်လုပ်နေကြတာမဟုတ်ဘူး။ ရေရှည်တည်တံ့ ခိုင်မြဲအောင် ဖွံ့ဖြိုးရှိ၊ ရည်မှန်းချက် မြင့်မြင့်မားမားနဲ့ ကြိုးစားနေကြတာဆိုတဲ့ အချက်ကို တွေ့မြင်ရပါတယ်။ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေဟာ အတော်လေး အောင်မြင်လာပါပြီ။ နိုဝင်ဘာလကုန်မှာ ပြုလုပ်ခဲ့တဲ့ ဧရာဝတီတိုင်းအတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် စံပြဆုရွေးချယ်ခြင်း ဆုပေးပွဲအခမ်းအနားမှာ ပထမ ရေကြည်မြို့နယ် **အသုတ်မြို့ လောကအမွန်စာကြည့်တိုက်**၊ ဒုတိယက အင်္ဂပူမြို့နယ် **ထူးကြီးမြို့ ကြီးပွားရေးစာကြည့်တိုက်**နဲ့ တတိယက မအူပင်မြို့နယ် **လေးအိမ်စုရွာ မင်္ဂလာစာကြည့်တိုက်**တို့က ဆုအသီးသီး ချီးမြှင့်ခံခဲ့ရပါတယ်။

ဒီခရီးရဲ့အစကတော့ နေပြည်တော်မှ ရန်ကုန်သို့ မိမိက ၂၅-၁၁-၂၀၀၇ ရက်နေ့ထွက်ခဲ့တယ်။ ရန်ကုန်မှ ၂၆-၁၁-၂၀၀၇ (တနင်္လာနေ့) နံနက်မှာ စာရေးဆရာ ဒေါက်တာခင်မောင်ညိုနဲ့ ဆရာ လယ်တွင်းသားစောချစ်တို့ကိုပါ ခေါ်ဆောင်ပြီး တိုယိုတာဆူပါရ(ဖ်)ကားလေးနဲ့ မအူပင်မြို့သို့ထွက်ခဲ့ကြတယ်။ ဒီဆရာ နှစ်ဦးစလုံးက ကျေးရွာစာကြည့်တိုက်များ အောင်မြင်ရှင်သန်ထွန်းကားရေးကို စိတ်ရောကိုယ်ပါ အားပေးကြတဲ့ သူတွေမို့ ပင့်ဖိတ်တာပါ။

မအူပင်မြို့ကို နံနက်၇ နာရီခွဲကျော်ကျော်လောက် ရောက်ကြပါတယ်။ မအူပင်မြို့မှ ထနီးကျေးရွာသို့ နံနက် ၈ နာရီကျော်မှာ စက်လှေတစ်စင်းနဲ့ ထွက်ခွာခဲ့ကြပါတယ်။

ထနီးကျေးရွာ အလယ်တန်းကျောင်းမှာ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ ရပ်ရွာလူထုဟာ ရုံပြည့်ရုံလျှံ နေရာယူထားကြပါပြီ။ ထနီးရွာ **"ရွှေအလင်းရောင်စာကြည့်တိုက်"**မှာ တိုက်ပုံဝတ်၊ ပုဆိုးလဲပြီး ဟောပြောရမည့်ကျောင်းကို ခပ်မြန်မြန်ပဲ ချီတက်ကြပါတယ်။ စာရေးဆရာ သုံးယောက်ပါတဲ့ လှေလေးဆိုက်တော့ ရပ်သူ ရွာသားတွေ ကြိုဆိုရင်း ဝမ်းသာပျော်ရွှင်နေကြတာ သူတို့မျက်နှာတွင် အထင်းသား ပေါ်လွင်နေပါတယ်။ ဩော်...ပထမအကြိမ် စာပေဟောပြောပွဲပေကိုး။ ကြည်နူးရင်ခုန် နေကြမယ်။

မအူပင်မြို့နယ် ထနီးကျေးရွာ **"ရွှေအလင်းရောင်စာကြည့်တိုက်"** ဟာ ၃၆ပေ x ပေ ၂၀ ရှိပြီး သွပ်မိုး၊အုတ်ကာ အခိုင်အမာ အဆောက်အအုံပါ။ အမိုးမြင့်တယ်၊ အလင်းရောင်ကောင်းတယ်၊ ပရိဘောဂလည်း ပြည့်စုံတယ်။ ကုန်ကျငွေကျပ်၉၄ သိန်းကျော်ကို ဦးသော်-ဒေါ်အေးဖော့မိသားစု၊ ဦးဘဟန်-ဒေါ်ကျင်အေး မိသားစုနဲ့ ဦးတိုးမောင်-ဒေါ်သန်းရီ၊ သုံးပွင့်ဆိုင်မိသားစုတို့က ၃၁ဒသမ၅သိန်းစီ အညီအမျှ ထည့်ဝင်လှူဒါန်းတည်ဆောက်ခဲ့ကြတာ ၂၀၀၇ခု ဇွန်လ ၂၄ ရက်နေ့မှာ ပြီးစီးတယ်။ သစ်လွင်သပ်ရပ်ပြီး စာအုပ်တွေလည်း မနည်းပါ။ နှစ်ပေါင်းများစွာ ခိုင်မာမည့်အဆောက်အအုံမှာ အနာဂတ်အတွက် အလင်းရောင်ဖြာမယ့် စာကြည့်တိုက်ကို ဖွင့်လှစ်လိုက်နိုင်ပြီ။ စာအုပ်နှစ်ထောင်ကျော်ရှိတယ်။ ကျောင်းနဲ့လည်း နီးပါတယ်။ ကောင်းတယ်။ သားဖွားခန်းနဲ့လည်း ခြံစည်းရိုး ကပ်လျက်။ ပထမအကြိမ် စာပေဟောပြောပွဲတွင် မိမိက ပထမစတင် ဟောပြောတယ်။

၁။ ချစ်နိုင်(စိတ်ပညာ)က **လူဖြစ်ရတဲ့ ရည်ရွယ်ချက်**

၂။ ဒေါက်တာခင်မောင်ညိုက **မိမိကိုယ်ကို ပြောင်းလဲခြင်း**

၃။ လယ်တွင်းသားစောချစ်က **အောင်စိတ်**

ဆရာဒေါက်တာခင်မောင်ညိုနဲ့ မိမိက မိနစ် ၅၀ တစ်ချိန်စာစီ ဟောပြောတယ်။ ဆရာလယ်တွင်းသားစောချစ်က တစ်နာရီကျော်လောက် ဟောပြောတယ်။ မွန်းတည့် ၁၂ နာရီထိုးသွားရော။ ပရိသတ်ကတော့ စာပေဟောပြောပွဲကို အရသာတွေ့ပြီး တမေ့တမော။ ထမင်းဆာမှန်းတောင် သတိရပုံမပေါ်ပါ။ ပျော်ရွှင်ရယ်မော တသောသောနဲ့ အားရစရာ ကောင်းလှပါတယ်။ ခေါင်းစဉ်ကိုကြည့်ရင်ပဲ ကျွန်တော်တို့ သုံးဦး ဟောပြောတဲ့ အကြောင်းအရာဟာ မိမိသိရှိလေ့လာထားချက်ကို နားထောင်သူပရိသတ်အား စိတ်ဓာတ်အားတက် နိုးကြားအောင် ကြိုးစားထားတယ်ဆိုတာ ပေါ်လွင်ပါလိမ့်မယ်။

စကားစပ်မိလို့ ပြောရရင် လူထုပရိသတ်ကို စင်ပေါ်ကနေ ဟောပြောရခြင်းဟာ တကယ်တော့ လွယ်ကူတဲ့ အတတ်ပညာမဟုတ်ပါ။ ၁၉၉၇ ခုနှစ်လောက်က စတင်ပြီး လေ့လာလေ့ကျင့်ခဲ့ရတာ ၂၀၀၇ ခုနှစ် ရောက်တဲ့အခါ မိမိအတန်အသင့် နားလည်လာပါတယ်။

ဟောပြောခြင်းဟာ သင်ကြားပြသနေခြင်းမဟုတ်ပါ။

တတ်မြောက်စေရန်၊ မှတ်သားစေရန်ထက် ခံစားချက်နဲ့အတူ နှစ်သက်စွဲမက်စေရန် အနုပညာမြောက်စွာ တင်ဆက်ရတဲ့ အရာဖြစ်ပါတယ်။ စကားလုံး၊ အကြောင်းအရာ၊ အဖွဲ့အနွဲ့၊ အဆင်တန်ဆာ အလင်္ကာ အများဆုံး သုံးရတယ်။ စကားလုံးပြောင်မြောက်ရတယ်။ ရင်ထဲအထိ စွဲငြိစေရမယ်။ ဘာကိုပြောတာလဲဆိုတာ အပြင် ဘယ်လိုပြောသလဲဆိုတာ ဟောပြောသူရဲ့ တာဝန်ပါ။

ပရိသတ်ကို သုံးလေးနာရီလောက် မငြီးငွေ့အောင်၊ အာရုံဝင်စားထိုင်နားထောင်နေချင်အောင် ဆွဲဆောင်နိုင်မှုရှိရပါတယ်။ အသံနေအသံထားနဲ့ဂါထာများ ရွတ်ဆိုပြချင်ပြ။ သီချင်းကဗျာလင်္ကာ ဆိုပြတန်ပြရ။ လေသံ၊ ဟန်ပန် ရှင်းလင်းပီသပြီး ဟောပြောဟန်ကလည်း ကောင်းဖို့လိုတယ်။ မိမိလိုရာကို ပရိသတ်မျောပါလာအောင် ဆွဲဆောင်ခေါ်ဆောင်သွားရမယ်လေ။ ဝတ္ထုပုံပြင်သာဓကတွေ တင်ပြသင့်တယ်။ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ ပသာဒယုတ္တိရှိရမယ်။ စိတ်ရွှင်လန်းစေရန် ဟာသအရွန်းအသောလည်း ပါသင့်တယ်။ ခြောက်တိ ခြောက်ကပ်ကြီး ပြောနေရင် တဖွဲ့ဖွဲ့ထပြန်ကြလို့ လူကျန်မှာမဟုတ်ဘူး။ ဘယ်သူမှ တားလို့မရနိုင်ပါဘူး။ စိတ်မဝင်စားရင် ထွက်သွားမှာ။ ခံစားချက်ချင်း ထပ်တူပူးဝင်ပြီး ရယ်စရာဟာသပြောရင် ရယ်ကြ၊ ငိုစရာပြောရင် ငိုကြ။ အဲသလို ဖမ်းစားလွှမ်းမိုးနိုင်မှ စာပေဟောပြောပွဲက အသက်ဝင်ပါတယ်။ အောင်မြင်တယ်။

ချစ်နိုင်(စိတ်ပညာ)

ဆရာ့ဆရာများကို အတုယူသင်ယူရင်းနဲ့ တိုးတက်ကျွမ်းကျင်လာတော့ မိမိလည်း မဆိုးလှပါဘူး။ ထနီးရွာ၊ လေးအိမ်စုရွာ၊ ပန်းတနော်မြို့နယ် မရမ်းရွာတို့မှာ အောင်မြင်တဲ့ စာပေဟောပြောပွဲများ ဖြစ်မြောက်စေခဲ့ပါတယ်။ စာပေဖတ်ချင်စိတ်တွေ ပေါ်ပေါက်အောင် လှုံ့ဆော်နိုင်ခဲ့ပါတယ်။

ဟောပြောပွဲပြီးတော့ ထနီးရွာ **"ရွှေအလင်းရောင်စာကြည့်တိုက်"**ကို လေ့လာကြည့်ရှုကြတယ်။ စာအုပ်တွေ ၂၀၀၀ ရှိတာ အားရစရာပဲ။ စာကြည့်တိုက်အလှူရှင်များ၊ တာဝန်ရှိသူများနဲ့ ရပ်မိရပ်ဖများကို တွေ့ဆုံပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးကြပါတယ်။ ရန်ကုန်မြို့၊ စကားဝါလမ်း၊ အမှတ်(၁၂)တိပိဋကကျောင်းတော်မှ ဆရာတော် အရှင်ဝီရိယနန္ဒက စာအုပ် ၃၀၀ကျော် လှူဒါန်းခဲ့ပါတယ်။ ထနီးရွာ ဒေါ်နီနီခိုင်က မြတ်မင်္ဂလာနဲ့ မင်္ဂလာမောင်မယ်စာစောင်များကို လစဉ်ရာသက်ပန်လှူဒါန်းနေပါတယ်။

(၁) ဒေသအာဏာပိုင်အဖွဲ့အစည်းရဲ့အား

(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလူငယ်များရဲ့အား

(၃) စေတနာရှင်များ၊ အလှူရှင်များနဲ့ ပြည်သူများရဲ့အား

(၄) ပြန်ကြားရေးဝန်ထမ်းများရဲ့အား

ဆွေးနွေးပွဲပြီးတော့ ရပ်မိရပ်ဖ ဦးတိုးမောင်ရဲ့အိမ်မှာ နေ့လယ်စာ စားကြတယ်။ စားပွဲဝိုင်းလေးဝိုင်းမှာ အလှူပွဲ တစ်ခုပမာ အားရပါးရ စားလိုက်ကြတာ။ လှတောသားပြောပုံနဲ့ဆိုရင် "ပြောင်းဖူးပြုတ်တွေကို မြို့ကလူတွေ စားနေကြတာလေ၊ ဘာဂျာအပြိုင်မှုတ်တာကျနေတာပဲ"။ ဟင်းတွေကကောင်း၊ ဆာလည်းဆာတော့ စားလို့ဝင်ပါတယ်။ ရေချိုငါးသလောက်ကို ပေါင်းထားတာ လတ်ဆတ်တော့ ထူးထူးခြားခြား ချိုပါတယ်။ အခြား ဟင်းတွေလည်း ကောင်းပါတယ်။

နေ့လယ် ၁ နာရီနီးတော့ ထနီးရွာမှ စက်လှေနဲ့ ဆက်ပြီး ထွက်ခွာကြတယ်။ မိနစ် ၂၀လောက်ပဲ စက်လှေခုတ်မောင်း ရပါတယ်။ လေးအိမ်စုကျေးရွာ၊ ရွာသစ်စု မဟာသတိပဋ္ဌာန်ကျောင်းကို ဆိုက်ကပ်ပါပြီ။ မိမိအဖို့တော့ ဒုတိယအကြိမ်မြောက် ရောက်ရှိခြင်းပါ။ ယနေ့ဟာ လေးအိမ်စုကျေးရွာဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသရဲ့(၅၅)နှစ်ပြည့်နေ့နဲ့လည်း တိုက်ဆိုင်နေပါတယ်။

လေးအိမ်စု ကျေးရွာကို **"မင်္ဂလာစာကြည့်တိုက်"**ရယ်လို့ စတင်ဖြစ်ပေါ်လာအောင် ရပ်မိရပ်ဖများနဲ့ လူငယ်လူရွယ်များကို ဦးဆောင်ဟောပြောပြီး ဓမ္မအလင်းရောင်ထွန်းညှိခဲ့တဲ့ ဆရာတော်ပါ။ လေးအိမ်စုရွာ အဘ ဦးဘအေးနှင့် အမိ ဒေါ်လှမြိုင်တို့က ၁၃၁၄ခုနှစ် နတ်တော်လဆန်း ၁၀ရက်တွင် မွေးဖွားခဲ့သော အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၄၀ပြည့်နှစ်၊ မန္တလေးမြို့ ဓမ္မာစရိယ စာချတန်းကို ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်းသုံးကျမ်း တစ်ပြည်လုံးနံပါတ်(၁)၊ ပထမဆင့်ဖြင့် အောင်မြင်တော်မူပြီး **"အဂ္ဂမဟာအကျော်ဘွဲ့"**ကို ရရှိတော်မူခဲ့တယ်။ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒိနီဝါဆိုကျောင်း ဆရာတော် ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယထံမှာ သင်ယူအောင်မြင်ခဲ့သူ ဖြစ်ပါတယ်။

စံကင်းဆရာတော်ကြီးနဲ့ ဝါဆိုကျောင်း ဆရာတော်ကြီးတို့ရဲ့ မွေးရပ်ဇာတိကို ရောက်ခဲ့ဖူးတယ်။ လင်းယဉ်ရွာကို လေ့လာတဲ့အခါ သူ့စိတ်မှာ **"ဩော်...အမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ရှေ့က အပင်ပန်းခံ ကြိုးစားသွားရင် နောင်လာနောက်သားများ ကောင်းကျိုးချမ်းသာ ခံစားရပါကလား။ ငါလည်း အနည်းတကာ့အနည်းဆုံး ငါ့ကျေးရွာအတွက် ပြန်လည်အကျိုးပြုနိုင်အောင် ကြိုးစားမယ်"** လို့ စိတ်ကူးဆုံးဖြတ်ခဲ့ပါသတဲ့။ ရန်ကုန်မြို့ ဗဟန်းရှိ ကရင်ပရိယတ္တိကျောင်း ဆရာတော် အရှင်အာစိဏ္ဏ(လေးအိမ်စုရွာဖွား)ထံမှာ အင်္ဂလိပ်စာပေ သင်ယူတယ်။ အရှင် အာစိဏ္ဏဦးစီးတည်ထောင်တော်မူသော လှော်ကားကန်အနီး အမြိုက်ကျောင်းသင်္ခမ်း ပဋိပတ်သာသနာပြု လုပ်ငန်းမှာ ပါဝင် ထမ်းဆောင်တယ်။ ဆရာကောင်း၊ ဆရာမြတ်များထံမှ ရခဲ့တဲ့ စိတ်ဓာတ်အမွေနဲ့ အဂ္ဂမဟာအကျော် အရှင်ဝိစိတ္တသာရာဘိဝံသ (လေးအိမ်စု)ဟာ မိမိဇာတိ ကျေးရွာကို **"မင်္ဂလာစာကြည့်တိုက်"** ထူထောင်ကူညီ ကြည့်ရှုခြင်းဖြင့် စောင့်ရှောက်နေပါတယ်။

ဆရာတော်ရဲ့ (၅၅)နှစ်ပြည့် သံဃာ့ပူဇော်ပွဲမှာ မိမိတို့ စာရေးဆရာ သုံးဦးက လေးအိမ်စုရွာ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်ကြီးတွင် နေ့လယ် ၁ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သုံးနာရီတိတိ **"စာပေဟောပြောပွဲ"** နဲ့ ဂုဏ်ပြုပူဇော်ကြပါတယ်။

၁။ ချစ်နိုင်(စိတ်ပညာ) **လူဖြစ်ရတဲ့ ရည်ရွယ်ချက်**

၂။ ဒေါက်တာ ခင်မောင်ညို **မိမိကိုယ်ကို ပြုပြင်ခြင်း**

၃။ လယ်တွင်းသားစောချစ် **ဘဝထဲကစာ၊ စာထဲက ဘဝ**

ကျောင်းသူကျောင်းသားများရယ်၊ အိမ်ခြေနှစ်ထောင်ကျော်မှ ကျေးရွာလူထုများရယ် အားရပါးရ တက်ရောက်ကြတယ်။ ဆရာဒေါက်တာခင်မောင်ညို၊ ဆရာလယ်တွင်းသားစောချစ်တို့ကလည်း စိတ်အားထက်သန်စွာ စေတနာပါပါနဲ့ ဟောပြောလို့ ရယ်မောသံတွေဟာ တသောသော ညံပါလေရော။ ပြောသူနဲ့ ပရိသတ်လမိုင်းကပ်ပြီဆိုမှဖြင့် နားထောင်ရတာ အရသာရှိနေတော့တာပေါ့။

ညနေပိုင်း ဟောပြောပွဲပြီးတော့ ရွာလယ်ရှိ **"မင်္ဂလာစာကြည့်တိုက်"** သို့ တစ်ခေါက်ပြန်ရောက်ရှိပြီး လေ့လာကြပါတယ်။ စာကြည့်တိုက်မှာ စာအုပ်ပေါင်း ၄၀၀၀ကျော်ရှိတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေလည်း စနစ်တကျ စင်တွေနဲ့ တင်ထားတာ အများကြီး။ အားရစရာကောင်းပါတယ်။ အမှတ်တရ မှတ်တမ်းလည်း ရေးခဲ့ကြတယ်။ မှတ်တမ်းရေးထားကြတဲ့ တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာများရဲ့ ချီးကျူးအားပေးစာတွေကို တွေ့ရပါတယ်။ အားတက်ကြည်နူးစရာဖြစ်ပါတယ်။ စာကြည့်တိုက်ကို သုံးထပ်တိုက်တည်ဆောက်ဖို့ ၆၅ပေ x ပေ ၈၀ ဘေးက မြေကွက်ကို အလှူရှင်က ဝယ်ယူလှူဒါန်းပေးထားပါပြီ။ ကွန်ပျူတာများ တပ်ဆင်ဖို့အထိ ရည်ရွယ်တယ်။ တိုးတက်ခေတ်မီတဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ကို မျှော်ရည်ပြီး ခေတ်မီတဲ့ ကျေးရွာစာကြည့်တိုက်ဖြစ်အောင် ထူထောင်တိုးချဲ့သွားကြမယ်။ ဒီရွာက သီလရှင်ဆရာလေး ဒေါ်ဟေမာစာရီကလည်း ရပ်ရွာရဲ့ ဘာသာရေး၊ ပညာရေးကို အထူးပဲ ထက်သန်တက်ကြွစွာ ဦးဆောင်အားပေးတယ်။ B.Sc (I.C) ဘွဲ့ရ နော်သန်းသန်းဝင်းအဖြစ်မှ ဝတ်ကြောင်ကို စွန့်ခွာ၍ ဘာသာရေးလမ်းမှာ ဘဝကို မြှုပ်နှံအားထုတ်နေသူဖြစ်ပါတယ်။ ချီးကျူးလောက်တဲ့ ရပ်ရွာအကျိုးဆောင် အမျိုးသမီးတစ်ဦးပါပဲ။

လေးအိမ်စုကျေးရွာ လူငယ်တွေက မော်တော်ဆိုင်ကယ်များပေါ် တင်ခေါ်ပြီး မိမိတို့ကို ရွာသစ်စုမူလတန်းကျောင်းမှာ နေရာချထားပါတယ်။ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းနဲ့ ရေကန်၊ သန့်စင်ခန်းစသဖြင့် သပ်ရပ်လှပတဲ့ကျောင်းဆောင်သစ်လေးဟာ ယိုယွင်းယိမ်းယိုင်နေတဲ့ဝါးကျောင်းအစား ဂျပန်အစိုးရက ကူညီထောက်ပံ့လို့ ၁၆-၇-၂၀၀၄မှာ စတင်ဆောက်လုပ်ခဲ့ရာ ၁၈-၁-၂၀၀၅မှာ ပြီးပါတယ်။ ကလေးတွေအတွက် အဆောက်အအုံကောင်းကောင်း၊ ပရိဘောဂပြည့်ပြည့်စုံစုံနဲ့ စာသင်ကြရမှာကို မြင်ယောင်ပြီး စိတ်ထဲမှာ ကြည်နူးပီတိဖြစ်စွာ ဒေါ်လာလေးသောင်းကျော် ဂျပန်အလှူရှင်အပေါ် သာဓုခေါ်မိပါတယ်။

သို့သော် ... ဒီလိုကျောင်းလေးတွေ အရေအတွက်ရာထောင်ချီပြီး ဆောက်လုပ်လှူဒါန်းဖို့စီစဉ်နေတဲ့ ဂျပန်အစိုးရကို **"ပညာရေး အကူအညီ မပေးပါနဲ့။ ပညာရေးထောက်ပံ့မှုတွေရပ်ဆိုင်းပါ။ ပိတ်ဆို့ပါ။ ဝိုင်းပယ်ထားပါ။ ဖိအားပေးပါ"ဆိုပြီး ပြည်တွင်းပြည်ပအဆိုးမြင်ဝါဒီ အချို့က နှောင့်ယှက်လိုက်ကြတာကြောင့် အကူအညီအထောက်အပံ့တွေ ရပ်စဲသွားခဲ့ရတယ်။ ဝမ်းနည်းစရာပဲ။ တကယ်တော့ ဘယ်ပါတီ ဘယ်အစိုးရ တက်တက်၊ ပြည်သူလူထုရဲ့ပညာရေးဟာ အားပေးဖေးမ ကြရမှာပါ။ အသိဉာဏ်ခေါင်းပါးပြီး မိုက်မဲယုတ်ညံ့တဲ့ နိုင်ငံရေးသမား အချို့ဟာ တိုက်ရခိုက်ရ ဆန့်ကျင်ရရင် သူတို့အောင်ပွဲခံမယ် ထင်မှတ် မှားရှာခဲ့တယ်။ အကုသိုလ်ဝဋ်ကြွေးတွေ ဝန်လေးပါဘိ။ သနားစရာ သတ္တဝါတွေပဲ။ သူတို့နှိပ်စက်လို့ ကလေးတွေဆင်းရဲကြရတာကို မမြော်မြင်တတ်ကြဘူး။ အခုဆိုရင် သူတို့နောင်တရလောက်ပါပြီ။** လေးအိမ်စုရွာ မူလတန်းကျောင်းလေးမှာ ညအိပ်ကြပါတယ်။ ညစာကို စေတနာနဲ့ စုပေါင်းချက်ပြုတ်ကျွေးမွေးတာ များပြားလှပါတယ်။ စာပေဟောပြောပွဲ နားထောင်ကောင်းလိုက်တာ၊ အချိန်ကုန်လို့ကုန်မှန်း မသိဘူးလို့ ချက်ပြုတ်ကျွေးမွေးသူတွေက ပြောပါတယ်။ ကြားရတာ ဝမ်းသာပါတယ်။ ဆရာ ဒေါက်တာခင်မောင်ညိုနဲ့ ဆရာ လယ်တွင်းသား စောချစ်တို့ဟာ တက္ကသိုလ်မှာ စာသင်ကြခဲ့တဲ့ အတွေ့အကြုံရင့်ကျက်ခဲ့တာရယ်၊ လူအမျိုးမျိုး၊ ပရိသတ်အမျိုးမျိုးကို ဟောပြောခဲ့ဖူးတဲ့ အတွေ့အကြုံရယ် ဖြတ်သန်းခဲ့လေတော့ တကယ်လည်း အပြောကောင်း အဟောကောင်းတွေ ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံ အကြီးအကဲများထံမှ

သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့ လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူရှင်ကိုထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့၌ ဘယ်လာရုစ် ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်မှု ဘက်စုံဖြစ်ပေါ် တိုးတက်ရေးအတွက် ဘယ်လာရုစ် သမ္မတနိုင်ငံက ကြိုးစားအားထုတ်မည်ဖြစ်ကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာပါစေရန်နှင့် မြန်မာပြည်သူပြည်သားများ ရွှင်လန်းချမ်းမြေ့စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

စာမျက်နှာ (၄) ဆောင်းပါးမှအဆက်

ညအခါလသာတယ်။

လေးအိမ်စု အရှင်ဝိစိတ္တသာရာဘိဝံသ ပူဇော်ပွဲကို သွားရောက်ကြည့်ညိုကြတယ်။ လူကြီးလူငယ် အရွယ်မျိုးစုံ ပျော်ရွှင်ကြတဲ့ ဘာသာရေးပွဲသဘင်ပဲ။ ထူးခြားတာက မီးတွေထိန်ထိန်ထွန်းပြီး လူတွေစည်ကားပေမယ့် ရူးရူးမူးမူး ဆူဆူညံညံမရှိ။ အသောက်အစား ကင်းရှင်းခြင်းဟာ မင်္ဂလာတစ်ပါးပဲ။ အေးချမ်းတည်ငြိမ်စွာပျော်ရွှင်နေကြတယ်။ မင်္ဂလာစာပေသင်တန်း၊ မင်္ဂလာစာမေးပွဲအောင်မြင်သူတွေကို ဆုများ ချီးမြှင့်ကြပါတယ်။ ငါးပါးသီလ သရုပ်ဖော်ပြဇာတ်တိုတွေ ကပြကြတယ်။ လူငယ်တွေဟာ ပါဝင်လှုပ်ရှားရတာ ပျော်ရွှင်နေကြတယ်။ ဘုရား၊ တရား အဆုံးအမနဲ့ ကြည်နူးပျော်ရွှင်ကြရခြင်းဓမ္မကို ပြန့်ပွားစေခြင်း သဘောမို့ သူတို့ကိုကြည့်ကာ မိမိတို့လည်း ကြည်နူးမိပါတယ်။ ဝိုင်အမ်ဘီအေ အသင်းကြီးနဲ့ဆက်သွယ်ပြီး မင်္ဂလာစာမေးပွဲဖြေဆိုရာမှာ ဝင်သူဦးရေ များခြင်း၊ ထူးချွန်စွာ အောင်မြင်သူများခြင်းတို့ကြောင့် လေးအိမ်စုဟာ ထင်ရှားပေါ်လွင်ပါတယ်။

အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ၊ ဒီအချက်ကို ဆရာတော်က ဘယ်လို အနက်ဖွင့်ပါသလဲ။

"အပြစ်ကင်းသော လူထုအကျိုးပြုအမှုကိစ္စများကို ပြုလုပ်ခြင်း၊ ကျောင်းကန်ဘုရား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း စသည်တို့၌ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ လုပ်အားပေးခြင်း၊ အများအတွက် ရေတွင်း ရေကန်တူးခြင်း၊ ဇရပ်ဆောက်ခြင်း၊ တံတားခင်းခြင်း၊ ခရီးသွားများ နားခိုရန် သစ်ပင်စိုက်ခြင်း၊ အပန်းဖြေရိပ်သာဆောက်ခြင်း၊ လူထုအကျိုး ဆောင်ရွက်ခြင်း၊ တိုင်းပြည်အတွက်လုပ်အားပေးခြင်း၊ ကျောင်းကန်ဘုရား၊ ဇရပ်တန်ဆောင်း၌ ဝေယျာဝစ္စလုပ်ခြင်း၊ အများကောင်းမှု အဆောက်အအုံများကို မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ သွားရင်းလာရင်း ဒုက္ခတွေ့နေသူများတွေ့လျှင် ကူညီခြင်း၊ အခမဲ့ ဆေးဝါးကုသပေးခြင်း၊ သတ္တဝါတို့၏ အသက်ကိုကယ်ဆယ်ခြင်း စသည်တို့သည် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းများဖြစ်ကြ၏"တဲ့။

ဟော- လူထုအကျိုးပြုလုပ်ငန်းတွေမှာ မပါကြဖို့၊ လူထုအကျိုးပြု လုပ်ငန်းတွေကို အားမပေးဖို့၊ တိုင်းပြည်အတွက် လုပ်အားပေးတာဝန်ကို Forced Labour ဟု သတ်မှတ်စွပ်စွဲကာ မလုပ်ဆောင်ကြဖို့ တားဆီးပိတ်ပင်နေကြတဲ့ အနောက်တိုင်းမီဒီယာနဲ့ ပြည်တွင်း လောက်ကောင်အချို့ဟာ တမင်တကာ အမင်္ဂလာတွေလုပ်နေတာပါလားလို့ ထင်ထင်ရှားရှား မြင်တွေ့လာရပါတယ်။ သိလာကြပါပြီ။ တိုင်းပြည်နဲ့ လူမျိုးကို ကြီးပွားတိုးတက်မှာ မလိုလားတဲ့အတွက် ကောက်ကျစ် ရက်စက်စွာ မင်္ဂလာတရားတွေနဲ့ ဆန့်ကျင်တဲ့ အမင်္ဂလာတွေပဲ ပြောဆိုတိုက်တွန်း နေတာပါကော။ မြတ်စွာဘုရားရဲ့ သဗ္ဗလောကဟိတတ္ထာယ ဆိုတဲ့အတိုင်း လောကလူသား အားလုံးရဲ့ အကျိုးအတွက် ဟောကြားတော်မူခဲ့တဲ့ တရားကတော့ ဘယ်မှားမှာလဲ။ ဓမ္မနဲ့ထိပ်တိုက်ရင်ဆိုင်မိုက်နေကြတဲ့သူ အချို့ကား သူ့လမ်းသူ သွားပေလိမ့်မယ်။ ဒါပါပဲ။ လူနည်းစုလေးပါ။

ငြင်းခုံခိုက်ရန်ကင်းဝေး၊ စည်းဝေးညီညွတ်ခြင်းကို ပြည်သူလူထု အားလုံးက လိုလားကြပါ၏။ ဘာ့ကြောင့်ဆို...ညီညွတ်ခြင်းကို ဘေးဘယာမရှိ အေးချမ်းသာယာ၏ဟု သိမြင်နေကြသောကြောင့် မဟုတ်ပါလား။ ။

ဝန်ကြီးဦးဉာဏ်ဝင်း အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနာ့ဗ်မူခါဂျီး၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၁ရက်မှ၄ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဂါရဝပြုတွေ့ဆုံ

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂ရက်တွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမသို့ သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း **(ယာပုံ)**အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ဆွေးနွေး

ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် နယူးဒေလီမြို့ ပြည်ပရေးရာဝန်ကြီးဌာနရှိ ဟိုက်ဒရာဘတ် ဧည့်ဂေဟာ၌ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနာ့ဗ် မူခါဂျီးနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ယင်းဆွေးနွေးပွဲတွင် ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဝန်ကြီး မစ္စတာ ပရာနာ့ဗ်မူခါဂျီးတို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမို တိုးမြှင့်ရေးတို့အတွက် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ဂုဏ်ပြုတည်ခင်း

ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် နယူးဒေလီမြို့ ပြည်ပရေးရာဝန်ကြီးဌာနရှိ ဟိုက်ဒရာဘတ် ဧည့်ဂေဟာ၌ ဝန်ကြီး မစ္စတာ ပရာနာ့ဗ် မူခါဂျီးက ဂုဏ်ပြုတည်ခင်း ဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ နေ့လယ်စာ စားပွဲသို့ အိန္ဒိယသမ္မတနိုင်ငံ သက်ဆိုင်ရာဌာနများမှ ဝန်ကြီးများနှင့် အတွင်းဝန်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံ သံအမတ်ကြီးဟောင်းများလည်း တက်ရောက်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးဉာဏ်ဝင်းသည် သံအမတ်ကြီး ဦးကြည်သိန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီအား ၎င်း၏ ရုံးဧည့်ခန်းမသို့ သွားရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁ရက်တွင် နယူးဒေလီမြို့ မြန်မာသံရုံးသို့ သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ပြီး ရုံးလုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃ရက်တွင် အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် နယူးဒေလီမြို့မှ ဂါယာသို့ ထွက်ခွာသွားကြပြီး ဗုဒ္ဓဂယာရှိ မဟာဗောဓိ၊ မဟာဝိဟာရစေတီနှင့် မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတိုက်သို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၄ရက်တွင် အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် ဂါယာမှ ကိုလ်ကတ္တားမြို့သို့ ထွက်ခွာလာကြပြီး ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကိုလ်ကတ္တားမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းပိုင်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်တင်နှင့်လက်ထောက် ညွှန်ကြားရေးမှူးဒေါ်ချိုချိုစိုးတို့ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

တရားရုံးချုပ်က ကြီးမှူးဖွင့်လှစ်သော ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးဌာန အဆောက်အအုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်၊ ဒေါက်တာ တင်အောင်အေး၊ ဦးမြင့်သိန်း၊ ဦးချစ်လွင်၊ ဦးသက်ထွန်းနှင့် ဦးဟန်ရှိန်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရှေးဦးစွာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး **(အပေါ်ပုံ)**က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၈ပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂ရက်က အမက (၁၂) စမ်းချောင်း၏ ၂၀၀၇-၂၀၀၈ ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မသင်းနုဆွေအား စမ်းချောင်းမြို့နယ် ပညာရေးမှူး ဒေါ်မြမြသန်းက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဒလ-ဖျာပုံပြေးဆွဲသည့်ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်ပြီး လမ်းဘေးဓာတ်တိုင်ဝင်တိုက် ယာဉ်ပေါ်ပါ ခရီးသည်အချို့ ဒဏ်ရာရ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့အဝင် ထန်းတောကျေးရွာအနီး၌ ဇန်နဝါရီ ၆ရက် မွန်းလွဲ ၂နာရီက ဒလမှ ဖျာပုံမြို့သို့ ထွက်ခွာလာသော ယာဉ်မောင်း စိုးမြင့်(၅၂နှစ်) (ဘ)ဦးလူခိုင် မောင်းနှင်လာသည့် ဟီးနိုးဘီအမ် မော်တော်ယာဉ်သည် တိုက်ရှေ့ပြုတ်ကာ ဘရိတ်ပေါက်၍ လမ်း၏ယာဘက်သို့ ထိုးဆင်းသွားပြီး လမ်းဘေးရှိ ဓာတ်တိုင်ဝင်တိုက်ရာ ယာဉ်ပေါ်ရှိခရီးသည် ၄၈ဦးအနက် အမျိုးသား ငါးဦး၊ အမျိုးသမီးလေးဦးတို့မှာ ပေါက်ပြဲဒဏ်ရာရရှိ၍ ကွမ်းခြံကုန်း ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ခရီးသည် ဦးခင်ကြိုင်(ဘ) ဦးမြလေး လမုကြီး ကျေးရွာ ဒေးဒရဲမြို့နယ်တစ်ဦးသာ အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း သိရသည်။ ယာဉ်မတော်တဆမှုနှင့် ပတ်သက်၍ ကွမ်းခြံကုန်းရဲတပ်ဖွဲ့ စခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

9-1 (05) 1 1/9/08, 1:35 AM

✳ ရှေ့ဖုံးမှ

အမြန်ဆုံးဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့မှ နေပြည်တော် ပျဉ်းမနား–တောင်ညို–တောင်တွင်းကြီး လမ်းအတိုင်း လမ်းတစ်လျှောက် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငွေးချိုလမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၅) ဒုတိယအင်ဂျင်နီယာမှူးကြီးဦးစန်းဝေက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပွင့်လင်းရာသီတွင် လုပ်ငန်းများပြီးနိုင် သမျှ ပြီးစီးအောင် အမြန်ဆုံးဆောင်ရွက်ရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေး အမြန်လမ်းစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူးကြီး ဦးတင့်ဆန်း၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကိုမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

လှူဒါန်း

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် မအေးကြည်နှင့် မောင်နှမတစ်စု အမှတ် ၁၅၈ (ပထမထပ်) အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ်က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ရွှေနားကပ်တစ်ရန် လှူဒါန်းစဉ်။ (က–ပ)

ဒီဇင်ဘာ ၂၆ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ခန်းမ၌ ကျင်းပသော ကျောက်ဖြူခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေး အသင်းအဖွဲ့များအား တွေ့ဆုံပွဲ၊ အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့က ကျောက်ဖြူမြို့နယ်ပညာရေးဌာနသို့ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူစဉ်။ (ပို့ဆောင်ရေး)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု အုတ်တွင်း၌ ကျေးလက်ကျောက်ချောလမ်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်တွင်းမြို့နယ် ကျောက်တလင်းကျေးရွာ ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာ စကားပြောကြားပြီး အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တ အမှုဆောင်အရာရှိ ဦးအောင်လေးက ကျောက်တလင်းကျေးရွာ ကျောက်ချောလမ်းဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးတင်ဝင်းက ကျေးဇူးတင်စကားပြောကြား၍ မြို့နယ်ဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အကုန်အကျခံ

အဆိုပါ ကျောက်ချောလမ်းမှာ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အရှည်ပေ ၉၀၀ ရှိ၍ စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၃၄၂၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၁၁၆)

ဇန်နဝါရီ ၆ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက် ရေး အသင်းက ကြီးမှူး၍ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်း မိခင်နှင့် ကလေး ပြိုင်ပွဲကို အထက (၁) ကျောင်းခန်းမတွင် ကျင်းပရာ အမြွှာပူး ဆုရကလေးငယ်အား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က ဆုချီးမြှင့်စဉ်။ (၁၂၃)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား အားကစားကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အင်းစိန်မြို့နယ် အမျိုးသမီးဘောလုံး အသင်းအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေးက တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံရက် ပြောင်းလဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ရက် (အင်္ဂါနေ့) နံနက် ၈ နာရီသို့ ရက်ပြောင်းလဲကျင်းပမည်ဖြစ်၍ ဖိတ်ကြားထားသူများ ပြည်နယ်နှင့် တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ အသင်းဝင်များသည် နံနက် ၇ နာရီခွဲအရောက် နေရာယူပြီးဖြစ်ရန် ကျင်းပရေးဦးစီးကော်မတီက တိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွင်မိုးခရီးသွားနေသည် မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များ Royal Myanmar Teamix မှ ပံ့ပိုးကူညီခြင်း သဘောတူစာချုပ်ချုပ်

နေပြည်တော် ဇန်နဝါရီ ၈

လွင်မိုးခရီးသွားနေသည် မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များအတွက် Royal Myanmar Teamixမှ ပံ့ပိုးကူညီခြင်း သဘောတူစာချုပ်ချုပ်ဆိုပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မေတ္တာရိပ်မွန်အိမ်ရာ အမှတ်(၁၁–အေ)ရှိ Myanmar Distribution Group Company Limitedအစည်းအဝေးခန်းမ၌ ကျင်းပရာ MDG Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်း၊ ရုပ်ရှင်သရုပ်ဆောင်လွင်မိုး၊ MDG Co.,Ltd. မှ ဝန်ထမ်းများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာMDG Co.,Ltd. မှ Sale & Marketing Consultant ဦးမင်းတလညာဏ်က သဘောတူ စာချုပ်ချုပ်ဆိုပွဲ ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး MDG Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင် မော်သိန်းနှင့် ရုပ်ရှင်သရုပ်ဆောင်လွင်မိုးတို့က သဘောတူစာချုပ်၌ လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။ **(အောက်ဝဲပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် MDG Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် သရုပ်ဆောင်လွင်မိုးတို့က မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းပြောကြားကြသည်။

လှည့်လည်သွားကြမည်

အဆိုပါ မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များတွင် အဖွဲ့ဝင် ၂၄ ဦးခန့် ပါဝင်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြိတ်မြို့သို့ ထွက်ခွာကာ မြိတ်ကျွန်းစုများသို့ လှည့်လည်သွားကြမည်ဖြစ်ရာ တစ်လခန့် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ

သဃ်န်းကျွန်းမြို့နယ် သံဃနာယက ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ နှင်းဆီကုန်း ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိတနှင့်စေတနာရှင်များ စုပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၇)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်တိုင်တိုင် ပူဇော်ကြမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဓမ္မရိပ်သာကျောင်း ဆရာတော်ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကမ္ဘောဇရဋ္ဌ သာသနာလင်္ကာရ ကမ္ဘောဇသာမဏေကျော်စာမေးပွဲ

နဝမအကြိမ် ကမ္ဘောဇရဋ္ဌ သာသနာလင်္ကာရ ကမ္ဘောဇ သာမဏေကျော်စာမေးပွဲကို တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံကြီး၌ မြို့လယ်ဓမ္မာရုံ ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၉ ခုနှစ်ပြာသိုလပြည့်ကျော် ၁၁ ရက်မှ တပို့တွဲလဆန်း ၃ ရက် (ဖေဖော်ဝါရီ ၂ ရက်မှ ၉ ရက်အထိ) ကျင်းပမည်ဖြစ်ရာ ၁၃၆၉ ခု ပြာသိုလပြည့်ကျော် ၁၀ ရက် (ဖေဖော်ဝါရီ ၁ ရက်)တွင် တောင်ကြီးမြို့ လမ်းမတော်ရပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း မြို့လယ်ဓမ္မာရုံကြီး၌ စာမေးပွဲဝင်ခွင့်ကတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဖုန်း–၀၈၁–၂၁၆၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ချင်းပြည်နယ် ပညာရေးစုံညီပွဲတော် ဆုပေးပွဲ

ချင်းပြည်နယ် အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အမှာစကားပြောကြားပြီး ၂၀၀၇–၂၀၀၈ပညာသင်နှစ် ချင်းပြည်နယ်ပညာရေးစုံညီပွဲတော် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ကော့သောင်း ပညာရေးစုံညီပွဲတော်

၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲကို ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် အခြေခံပညာ မူလွန်ကျောင်းတွင် ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီကကျင်းပရာ ပညာရေးမှူး ဒေါ်ပို၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစန်းမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးတင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းသားမိဘများက ကျောင်းဆောင်သစ်အတွက် ပံ့ပိုးငွေများ လှူဒါန်း၍ တာဝန်ရှိသူများက ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ကြောင်း သိရသည်။ **(၀၄၁)**

ကလေးမြို့၌ စာပေဖတ်ရှုခြင်းအကျိုး ဟောပြော

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးခရိုင်ရုံးသည် ကျေးလက်တောရွာနေ ပြည်သူများ စာဖတ်သူဦးရေတိုးပွားရေး ရည်ရွယ်ချက်ဖြင့် ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီက ကလေးမြို့နယ်ကျော်ရွာ၌ ဟောပြောပွဲကျင်းပရာ ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အင်းတော်၌ ကျောင်းဆောင်သစ်ရေစက်ချ

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မန်လည်တောင်ရပ် စိန်ပန်းကျောင်းတိုက်အတွင်း ဆရာကြီးဒေါ်သီ(မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာကြီး ဒေါ်ပဒုမ္မာတို့ကို ရည်စူး၍ အင်းတော်မြို့ အောင်ချမ်းသာရပ်နေ ဦးသိန်းထွန်း–(ဒေါ်ကြည်စိန်) သား သမီး၊ မြေးတစ်စုတို့ ဆောက်လုပ်လှူဒါန်းထားသော သဒ္ဓမ္မဓဇကျောင်းဆောင်သစ်ကြီး ရေစက်ချပွဲနှင့် ဘုရားအနေကဇာတင်ပွဲကို ဒီဇင်ဘာ၂၄ရက် နံနက်က အဆိုပါကျောင်းဆောင်သစ်ကြီး၌ ကျင်းပကြောင်း သိရသည်။ **(၁၃၃)**

တံခွန်စိုက်ဒိုင်းဆုရ ဘောလုံးအသင်း ဂုဏ်ပြု

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ၂၅ မြို့နယ် အကြီးတန်းဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆွတ်ခူးရရှိခဲ့သည့် မင်းဘူး (စကု)မြို့နယ် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ၁၈ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးသန်းနိုင်က ဂုဏ်ပြုအမှာစကားပြောကြားကာ ဆုရဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

လှည်းဆိပ်ကျေးရွာ ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ၄ ရက်က လှည်းဆိပ်ကျေးရွာ အားကစားကွင်း၌ကျင်းပရာ အကြီးတန်းဘောလုံးပြိုင်ပွဲ ပထမဆုရ ကျောင်းကုန်း FAMILY F.C ဘောလုံးအသင်းနှင့် သက်ငယ်တန်း ဘောလုံးပြိုင်ပွဲ ပထမဆုရ ဘူတာစုလူငယ်အသင်းတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကြက်ခြေနီ သင်တန်းဖွင့်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ပံ့ပိုးမှုဖြင့် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သော ကျောင်းကြက်ခြေနီ(နည်းပြအဆင့်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၅ရက် နံနက်၉နာရီက မြစ်ကြီးနားမြို့ ပြည်နယ် ကြက်ခြေနီရုံး သင်တန်းခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားကြောင်း သိရသည်။ (၀၀၃)

ရုပ်ရှင်အနုပညာရှင်များနှင့် မြန်မာအမျိုးသမီးလက်ရွေးစင်များ ဘောလုံးပွဲ တေးဂီတဖျော်ဖြေမှုနှင့် ဟာသဖျော်ဖြေမှုများ ပါဝင်မည်

အမေးနှင့် အရေး–မောင်မောင်မြင့်ဆွေ | ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း) | စာမျက်နှာအပြင်အဆင်–ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၈

ရုပ်ရှင်အနုပညာရှင်များ ဘောလုံးအသင်းနှင့် မြန်မာအမျိုးသမီး လက်ရွေးစင်များအသင်း ချစ်ကြည်ရေးရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ဇန်နဝါရီ ၁၃ ရက်မှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။

မေးမြန်း

ဒါကြောင့်မို့လို့ ဒီဘောလုံးပွဲနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အားကစားရေးရာဆပ်ကော်မတီ အတွင်းရေးမှူး ဒါရိုက်တာ ဦးမျိုးဇော်အောင်နဲ့ တွေ့ဆုံပြီး မေးမြန်းဖြစ်ခဲ့ပါတယ်။ ဒီဘောလုံးပြိုင်ပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကို မေးမြန်းတဲ့အခါ

“ရန်ပုံငွေဘောလုံးပွဲတွေ ဆက်ကစားဖို့ အစီအစဉ်ရှိပါတယ်”
မောင်ရွှေစွန်
ဓာတ်လမ်းဓာတ်ညွှန်းအလွှာအမှုဆောင်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

“(၄)ကြိမ်မြောက် အာဆီယံ နိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရန်ပုံငွေအဖြစ် ကျင်းပခြင်းဖြစ်ပြီး ဘောလုံးပွဲကရတဲ့ ငွေကြေးတွေကို ရန်ပုံငွေအဖြစ် လှူဒါန်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်း ဖြစ်ပါတယ်” လို့ ဒါရိုက်တာဦးမျိုးဇော်အောင်က ဖြေကြားပါတယ်။

ဖျော်ဖြေမှု

အဲဒီနေ့ ဘောလုံးပွဲ အစီအစဉ်နဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ **“ဇန်နဝါရီ ၁၃ရက် မွန်းတည့် ၁၂နာရီမှာ တေးဂီတဖျော်ဖြေမှု အစီအစဉ် ရှိပါတယ်။ တေးဂီတ ဖျော်ဖြေရေး အစီအစဉ်မှာ နာမည်ကြီး ရုပ်ရှင်အနုပညာရှင်တွေပါမယ်။ အဲဒီတေးဂီတဖျော်ဖြေရေး အစီအစဉ်ပြီးရင် ဟာသဖျော်ဖြေမှု အစီအစဉ်ရှိမယ်။ ဟာသဖျော်ဖြေမှု အစီအစဉ်မှာ ဇော၊ ညောင်ညောင်၊ ကုသိုလ်၊ ဗေလုဝ၊ အရိုင်းစတဲ့ အနုပညာရှင်တွေ ပါဝင်မှာ ဖြစ်ပါတယ်”**လို့လည်း ဒါရိုက်တာ ဦးမျိုးဇော်အောင်က ဆက်လက်ရှင်းပြပါတယ်။

အမှန်တော့ ဒီလိုရန်ပုံငွေ ဘောလုံးပွဲ ဖြစ်လာအောင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ အတွင်းရေးမှူး မလိခဦးစိုးထိုက်အောင်နဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ အား/ကာ ဆပ်ကော်မတီဥက္ကဋ္ဌဦးဝင်းကြည်တို့က မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် တာဝန်ရှိသူတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။

သူတို့ပါဝင်

အဲဒီ ရန်ပုံငွေဘောလုံးပွဲမှာ ဘယ်သူတွေ ပါဝင်ကစားကြမလဲ ဆိုတာကိုတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်နဲ့ စည်းရုံးရေးမှူးလည်း ဖြစ်တဲ့ အေဝမ်းသိန်းထွဋ်(ခ) စပ်စုက **“ဇန်နဝါရီ ၁၃ ရက် ညနေ ၄ နာရီမှာ ဘောလုံးပွဲ စတင်ကစားမှာဖြစ်ပြီး ပါဝင်ကစားကြမယ့်သူတွေကတော့ ရူပ၊ ရာဇာနေဝင်း၊ ထွန်းထွန်း၊ ပိုင်ဇေရဲထွန်း၊ ပြေဇင်၊ သူထူးစံ၊ အောင်ခိုင်စတဲ့ သရုပ်ဆောင်တွေအပြင် သရုပ်ဆောင် အများအပြား ပါဝင်ကစားကြမှာ ဖြစ်ပါတယ်”** လို့ ပြောပြပါတယ်။

ပြောပြ

“ဒါ့အပြင် အဲဒီဘောလုံးပွဲနေ့ တေးဂီတဖျော်ဖြေပွဲမှာ ပါဝင်ကြမယ့်သူတွေကတော့ နေတိုး၊ လူမင်း၊ လွင်မိုး၊ ညွှန့်ဝင်း၊ သုမောင်၊ ထွန်းထွန်းဝင်း၊ ထွန်းအိန္ဒြာဗို၊ တင့်တင့်ထွန်း၊ ရဲလေး၊ ဖိုးသောကြာ စတဲ့ အနုပညာရှင်တွေက ပါဝင်ဖျော်ဖြေကြဖို့ အစီအစဉ် ရှိပါတယ်” လို့လည်း အေဝမ်းသိန်းထွဋ်(ခ)စပ်စုက ပြောပြပါတယ်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အနေနဲ့ အခုလို ရန်ပုံငွေ ဘောလုံးပြိုင်ပွဲတွေ ကျင်းပခဲ့ဖူးတဲ့ အခြေအနေနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ ဘောလုံးပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦး ဖြစ်တဲ့ ဒါရိုက်တာနဲ့ ရုပ်ရှင်သရုပ်ဆောင် ပဲခူးသန်းအောင်က **“ကျွန်တော်မှတ်မိသလောက် ၁၉၆၇ခုနှစ်လောက် မင်းသားရွှေဘာတို့ခေတ်က ရခိုင်ပြည်နယ်လေဘေး ရန်ပုံငွေပွဲအဖြစ် ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ ဂီတအနုပညာရှင်တွေ ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့ဖူးတယ်။ အောင်ဆန်းအားကစားကွင်းမှာပါ။ အဲဒီပွဲတုန်းကတော့ သရုပ်ဆောင် ကိုဝင်းဦးတို့က တေးဂီတနဲ့ဖျော်ဖြေကြပါတယ်။ဘောလုံးကစားတဲ့သူတွေကတော့ ရွှေဘ၊ ဦးကျော်ဖေ၊ ဦးကျော်ဇော၊ ခင်မောင်ထွေးနဲ့ ကျွန်တော် စတဲ့သူတွေ ပါဝင်ပါတယ်။**

“ရရှိတဲ့ငွေကြေးကို ရန်ပုံငွေအဖြစ် လှူဒါန်းသွားမှာပါ”
ဒါရိုက်တာ မျိုးဇော်အောင်။

ကျွန်တော်တို့ ရုပ်ရှင်ဘောလုံးအသင်းရဲ့ နည်းပြက ကောလိပ်ဂျင်နေဝင်းပါ။၁၉၈၆ ခုနှစ်လောက်ကလည်း မြန်မာနိုင်ငံ အား/ကာ ရန်ပုံငွေအဖြစ် ရုပ်ရှင်နဲ့ ဂီတအနုပညာ ရှင်တွေ ဘောလုံးပွဲကစားခဲ့ကြပါတယ်။ အဲဒီတုန်းက ရုပ်ရှင်သရုပ်ဆောင် ဝင်းလှိုင် (သမန်းကျား)၊ တိုးညွှန့် (သမန်းကျား)နဲ့ ခင်မောင်ချင်း စတဲ့ ရုပ်ရှင်အနုပညာရှင်တွေ ပါဝင် ကစားခဲ့ကြတယ်။ အဲဒီတုန်းကလဲ အသင်းနည်းပြက ကောလိပ်ဂျင်နေဝင်းပါပဲ။ ၂၀၀၀ ပြည့်နှစ်မှာ ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ယူအင်န်ဒီပီမှ

“၁၉၆၇ ခုနှစ်လောက်က စပြီး ရန်ပုံငွေ ဘောလုံးပွဲတွေ ကစားခဲ့ကြတာပါ” ပဲခူး–သန်းအောင်
ဒါရိုက်တာနှင့် သရုပ်ဆောင်။

ဘောလုံးအသင်းနဲ့ ရန်ပုံငွေဘောလုံးပွဲ ကစားခဲ့ကြပါတယ်။ အောင်ဆန်း အားကစားကွင်းမှာပါပဲ။ အဲဒီဘောလုံးပွဲတုန်းကတော့ ရာဇာနေဝင်း၊ ပိုင်ဇေရဲထွန်း စတဲ့ ရုပ်ရှင်အနုပညာရှင်တွေ ပါဝင်ကစားခဲ့ကြပါတယ်”လို့ ဖြေကြားသွားပါတယ်။

“မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အနေနဲ့ ရန်ပုံငွေ ဘောလုံးပြိုင်ပွဲတွေကို ဆက်လက်ပြုလုပ်သွားဖို့ အစီအစဉ်ရှိပြီး မကြာခင်မှာ သရက်မြို့ကိုသွားပြီး ရန်ပုံငွေ ဘောလုံးပွဲတစ်ပွဲကစားဖို့ အစီအစဉ်ရှိပါတယ်” လို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ ဓာတ်လမ်းဓာတ်ညွှန်း အလွှာ အမှုဆောင်တစ်ဦးဖြစ်သူ မောင်ရွှေစွန်က မြန်မာ့အလင်းကို ပြောပြပါတယ်။

ဒါကြောင့် ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့)မှာ ကျင်းပမယ့် မြန်မာ့ ရုပ်ရှင်အနုပညာရှင်များအသင်းနဲ့ မြန်မာ အမျိုးသမီး လက်ရွေးစင်အသင်းတို့ရဲ့ ယှဉ်ပြိုင်ပွဲဟာ လေးကြိမ်မြောက်အာဆီယံ နိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရန်ပုံငွေပွဲဖြစ်တာမို့ အားကစား၊ ဂီတနှင့် ရုပ်ရှင်ချစ်သူများ အားပေး ကြည့်ရှုသင့်တဲ့ ဘောလုံးပွဲ ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

“တေးဂီတ ဖျော်ဖြေမှုမှာ နာမည်ကြီး သရုပ်ဆောင်တွေ ပါဝင်မယ်”
အေဝမ်းသိန်းထွဋ်(ခ)စပ်စု။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရန်ပုံငွေအဖြစ် ကျင်းပခြင်းဖြစ်။
ဒါရိုက်တာ မျိုးဇော်အောင်

သရုပ်ဆောင် အများအပြား ပါဝင်ကစားကြမှာဖြစ်။
အေဝမ်းသိန်းထွဋ်(ခ)စပ်စု

ရခိုင်ပြည်နယ် လေဘေးရန်ပုံငွေအဖြစ် ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ ဂီတအနုပညာရှင်တွေ ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့ဖူး။
ဒါရိုက်တာနှင့် ရုပ်ရှင်သရုပ်ဆောင် ပဲခူး–သန်းအောင်

သရက်မြို့မှာ ရန်ပုံငွေဘောလုံးပွဲတစ်ပွဲကစားဖို့ အစီအစဉ်ရှိ။
မောင်ရွှေစွန်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု မြို့ပြနှင့် ကျေးလက်လမ်းများဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၈

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပြီးစီးသည့် မြို့ပြနှင့် ကျေးလက်လမ်းဖွင့်ပွဲများသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် အောင်လံမြို့နယ် စက်ရုံရပ်ကွက် နှင်းဆီလမ်းကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားသို့ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါလမ်းကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် သရက်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေရှိပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၆၄ သိန်းကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် တောင်တွင်းကြီးမြို့နယ် ကံလုကန်ကျေးရွာ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထို့နောက် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကျေးလက်ကျောက်ချောလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျေးလက်ကျောက်ချောလမ်းမှာ အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ပေ ရှိပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၅သိန်းကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာ(တာမွေလေး၊သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း၏ (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေပြည်ဟိန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဂုဏ်ပြု

အခမ်းအနားတွင် ကုသိုလ်ဖြစ်ဆေးခန်း၏ အစီအစဉ်ဖြင့် နေ့စဉ် နံနက်တိုင်း ရပ်ကွက်အတွင်း ကွင်းဆင်း၍ ကုသခြင်းများတွင် ပါဝင်ဆောင်ရွက်ကြသော ဆရာဝန်၃၀ နှင့် မွန်းလွဲပိုင်း ကုသိုလ်ဖြစ်ဆေးခန်း၌ အထိုင်ထားကာ ဆောင်ရွက်ကြသော ဆရာဝန် ၂၅ ဦးတို့အား မိတ်ဆုံတွေ့ဆုံပေးကာ ဂုဏ်ပြုမည်ဖြစ်ပြီး လက်တွေ့ကုသမှုများဖြစ်သော သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ သွားကုသိုလ်ဖြစ်ကုသခြင်းနှင့် မေ့ဆေးပါမောက္ခ သမားတော် ဒေါက်တာ အောင်မြတ်သွင် ဦးဆောင်သော အပ်စိုက်အထူးကု ဆရာဝန်များ၏ လက်တွေ့ကုသခြင်း၊ အထွေထွေကုသခြင်းများကို ရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့မှ ရိုက်ကူးမှတ်တမ်းတင်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကုသိုလ်ဖြစ်ဆေးခန်းအတွက် လိုအပ်သော ဆေး၊ ဆေးပစ္စည်းနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁-၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၃ ရက်က အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၈) တာမွေ ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်း၌ ပထမဆုနှင့် တစ်ကျောင်းလုံး တန်းပေါင်းချုပ် ပထမဆုရ မထက်နှင်းဝတ်ရည်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၉-၁-၂၀၀၈ ရက်
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ဆွာချောင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာမြန်မာစကား
- ၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
- ၁၇:၂၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ မြန်မာ့လေ့ရိုးရာလက်ဖွဲ့
- ၁၉:၀၀ ၁၂။ **တစ်သက်စာ** ထွန်းထွန်း(Examplez)၊ သဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၉:၂၅ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၁၉:၅၀ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ Franz Hararay's Magic Planet
- ၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **မာန်** နိုင်းနိုင်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပွိုက်)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

● ရှေ့ဖုံးမှ

ချီးမြှင့်

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ လိုက်ဝိတ်(ခ) အဆင့်၊ လိုက်ဝယ်တာဝိတ်(ခ)အဆင့်၊ ပင်းဝိတ်(က)အဆင့် ပထမ၊ ဒုတိယ ရရှိသူများ၊ လူသစ်တန်း (ဂ) အဆင့်၊ (ခ)အဆင့်နှင့် (က)အဆင့် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများ၊ လူသစ်တန်း (ဂ)အဆင့်၊ (ခ)အဆင့်တွင် တံခွန်စိုက်ဒိုင်းဆုရရှိသော အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်း၊ (က)အဆင့်တွင် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ပထမဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုကြီးကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥက္ကံမြို့မလူမှုရေးအသင်းစည်းဝေးပွဲနှင့် ဘွဲ့ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြုမည်

ရန်ကုန် ဇန်နဝါရီ ၈

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်ဘွဲ့ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် မြေနီကုန်းပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ဝင်လိုသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက် ၇၅နှစ်ပြည့်ပြီးသော အသင်းဝင်များ တက်ရောက်အပူဇော်ခံရန် ဖိတ်ကြားထားသည်။

နိုင်ငံတော်ဘွဲ့ထူးဂုဏ်ထူးရ ဥက္ကံမြို့နယ် အသင်းသူအသင်းသားများနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်သားသမီးများသည် ဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း-၅၄၆၁၅၀၊ အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း- ၅၂၆၅၆၆ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း-၅၃၇၄၃၇တို့သို့ ကြိုတင်စာရင်းပေးပို့ပြီး တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

❒ ကျောဖုံးမှ

ဒီနေ့ပြုလုပ်တဲ့ အိုင်တီစကားဝိုင်း အမှတ် (၄) မှာတော့ အငြိမ်းစား ရေကြောင်းဥပဒေပါမောက္ခ ဦးကျော်

“ဆော့ဖ်ဝဲတွေကို ဘယ်လို အသုံးပြုသင့်တာတွေသိအောင် အခုလို စကားဝိုင်းတွေ ပြုလုပ်တာပါ”

ဦးတင်ညွန့် (စာတည်း)
မျက်မှောက်ရေးရာမဂ္ဂဇင်း

ညွန့်က ဆော့ဖ်ဝဲ မူပိုင်ခွင့်ကို ဥပဒေကြောင်းအရကာကွယ်ပေးတဲ့လုပ်ငန်းစဉ် အကြောင်း ခေါင်းစဉ်နဲ့ ဆွေးနွေးပြီး တက်ရောက်လာတဲ့ အိုင်တီပညာရပ်ကို လေ့လာလိုက်စားနေတဲ့ လူငယ်တွေကလည်း အပြန်အလှန် မေးခွန်းတွေ မေးကြ၊ ဖြေကြနဲ့ စိတ်ဝင်စားစရာ ကောင်းပါတယ်။

အိုင်တီမူပိုင်ခွင့်နဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့ အငြိမ်းစားပါမောက္ခ ဦးကျော်ညွန့်ကတော့ **“ဒီနေ့ကမ္ဘာ တစ်ဝန်းမှာ ကွန်ပျူတာကို အသုံးပြုပြီး နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး နယ်ပယ်မှာ ပြစ်မှုတွေကျူးလွန်နေကြတယ်။ တခြားနိုင်ငံတွေမှာ ထိုက်တန်တဲ့ ဥပဒေတွေ ပြုလုပ်ထားကြသလို မြန်မာနိုင်ငံမှာလည်း ပြင်ဆင်နေပြီဖြစ်တဲ့ အကြောင်းတွေ ဆွေးနွေးတာပါ”** လို့ ရှင်းပြပါတယ်။

မြန်မာနိုင်ငံသား အိုင်တီပညာရှင်တွေ တီထွင်ထားတဲ့ ဆော့ဖ်ဝဲ တီထွင်မှု အသစ်အဆန်းတွေကို ဥပဒေနဲ့ ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ဖို့ ရည်ရွယ်ဆွေးနွေးတဲ့ စကားဝိုင်းဖြစ်တာမို့ အကျိုးရှိတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီစကားဝိုင်းတွေဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ Personal Computer မဂ္ဂဇင်း တာဝန်ခံ ဦးမျိုးမင်းထူးက ဒီလိုစကားဝိုင်းဖြစ်မြောက်အောင် ကြိုးစားပေးခဲ့တာနဲ့ပတ်သက်ပြီး **“အိုင်တီနည်းပညာနဲ့ ပတ်သက်တဲ့ ပညာရှင်တွေ စုစည်းပြီး ခေါင်းစဉ်တစ်ခု ရွေးချယ်ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။ ပထမအကြိမ် စကားဝိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းမှာရှိတဲ့ မစ္စတာဘရောင်း ကဖေးမှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက အိုင်တီနည်းပညာနဲ့ပတ်သက်တဲ့ ခေါင်းစဉ်နဲ့ပါ။ ဒုတိယအကြိမ်မှာ ဆော့ဖ်ဝဲနဲ့ အိုင်တီနည်းပညာတွေအကြောင်း ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီဒုတိယအကြိမ်ကတော့ အမျိုးသားပိုင်အမ်စီအေပထမထပ်မှာပါ။ တတိယအကြိမ်မှာလည်း အိုင်တီနည်းပညာနဲ့ ဖိုင်းရပ်စ် ကူးစက်မှုတွေအကြောင်း ဆွေးနွေးခဲ့ကြပြီး အခု လေးကြိမ်မြောက်**

“ပညာရှင်တွေ စုစည်းပြီး ဆွေးနွေးကြခြင်း ဖြစ်ပါတယ်”

ဦးမျိုးမင်းထူး (တာဝန်ခံ)
Personal Computer မဂ္ဂဇင်း

မှာတော့ ဆော့ဖ်ဝဲမူပိုင်ခွင့် အကြောင်း ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်” လို့ ရှင်းပြပါတယ်။

ဆက်တိုက်

ဒီလိုစကားဝိုင်းတွေကို တစ်လ တစ်ကြိမ်လောက် ဆက်တိုက်ပြုလုပ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ အိုင်တီစကားဝိုင်းလေးတွေ ကျင်းပမှုနဲ့ ပတ်သက်တဲ့ ရည်ရွယ်ချက်ကိုတော့ မျက်မှောက်ရေးရာမဂ္ဂဇင်း စာတည်းတစ်ဦးဖြစ်တဲ့ ဦးတင်ညွန့်က ပြောပြတဲ့အခါ **“အိုင်တီနည်းပညာနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို လူငယ်တွေ သိစေချင်တာနဲ့ မီဒီယာတွေမှာ ရေးသားနေကြတဲ့ အိုင်တီနည်းပညာ အသုံးအနှုန်းတွေ မှန်ကန်စေရန် အတွက်လည်းပါဝင်ပါတယ်။ နောက်ပြီး ဆော့ဖ်ဝဲတွေနဲ့ ပတ်သက်တဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကို သိရှိနိုင်အောင်၊ ပြည်ပကဝင်လာတဲ့ ဆော့ဖ်ဝဲတွေနဲ့ ဘယ်လိုသုံးသင့်တာတွေကိုလည်း သိရှိကြအောင် အခုလို စကားဝိုင်းတွေ ပြုလုပ်တာပါ”** လို့ ရှင်းပြပါတယ်။

အခွင့်အလမ်းကောင်း

Personal Computer Magazineက စီစဉ်ပြုလုပ်တဲ့ အိုင်တီစကားဝိုင်းဟာ အိုင်တီပညာကို လေ့လာလိုက်စားနေကြတဲ့ လူငယ်တွေ အတွက်ကတော့ အိုင်တီနဲ့ ပတ်သက်တဲ့ အသိပညာတွေကို ဖလှယ်နိုင်တဲ့ အခွင့်အလမ်းကောင်း တစ်ခု ဖြစ်ပါကြောင်း သတင်းဖြန့်ဝေလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံသား အိုင်တီပညာရှင်တွေ တီထွင်ထားတဲ့ ဆော့ဖ်ဝဲတီထွင်မှု အသစ်အဆန်းတွေကို ဥပဒေနဲ့ ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ဖို့ ရည်ရွယ်ဆွေးနွေးတဲ့ စကားဝိုင်းဖြစ်။

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော ဆရာကြီး ဒေါ်ဓမ္မသီဂီအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ပိတောက် ၂လမ်းရှိ ဓမ္မဝါဒီသီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီး ဒေါ်ဓမ္မသီဂီအား ဂုဏ်ပြုပူဇော်ပွဲနှင့် ကျောင်းတိုက်တည်ထောင် သာသနာပြုခြင်း ငွေရတုအကြိုပူဇော်ပွဲကို ဇန်နဝါရီ၆ရက်နံနက်၉နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား သီလရှင် ဆရာကြီး ဒေါ်ဓမ္မသီဂီ၊ အလှူရှင်များနှင့် တပည့်ဒါယကာ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုလက်မှတ်

ဆက်လက်၍ ဓမ္မဝါဒီသီလရှင်စာသင်တိုက် ငွေရတုအကြိုနှင့် ဂုဏပူဇာစာစောင်တွင် ပါဝင်ရေးသားကြသည့် စာရေးဆရာများအတွက် ဂုဏ်ပြုလက်မှတ်များကို သီလရှင်ဆရာကြီး ဒေါ်ဓမ္မသီဂီက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁)ဦးသန်းလှိုင် (တက္ကသိုလ်သန်း)ထံ ပေးအပ်သည်။**(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ မင်္ဂလာဒုံမြို့နယ် တောတိုက် ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရထံမှ ပရိသတ်များက အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ပူဇော်

ညနေပိုင်းတွင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မသီဂီအား ပူဇော်ပွဲအခမ်းအနားကို ကျောင်းတိုက်အနီးရှိ သဲကွင်းတရားစင်မြင့်၌ ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနှင့် နိုင်ငံခြားမုန့်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနှင့်နိုင်ငံခြားမုန့်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၇ရက်က နေပြည်တော်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာမူလတန်းကြိုကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းဆရာများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

တွေ့ဆုံအားပေး

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က သင်တန်းဖွင့် အမှာစကားပြောကြား၍ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွယ်က သင်တန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားကြသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့တို့ မြန်မာနှင့် နိုင်ငံခြားမုန့်သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားစဉ်။

(လူမှုဝန်ထမ်း)

မြန်မာ့ရပ်ရှင်ဖခင်ကြီး ဦးညီပု၊ သားဖြစ်သူ ဦးစံမောင်၊ သမီးဖြစ်သူ ဒေါ်ပြည်ငြိမ်းရှင်တို့အားရည်စူး၍ ဒေါ်စန်းရင် (ခ) Takako Suzuki မိသားစု အမှတ်၂၇ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ဖောင်ဖွဲ့ရေးဒေသ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ မြို့နယ်သစ်တောဦးစီးဌာန အရာရှိများနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးတို့က ကြိုးဝိုင်းများထိန်းသိမ်းထားရှိမှုနှင့် စိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ၆ရက်တွင် ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းအတွင်းရှိ ၂၀၀၄ခုနှစ် ကျွန်းအထူးစိုက်ခင်းဧက ၅၀၀ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျွန်းစိုက်ခင်း

ယင်းနောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် တောင်ကုတ်မြို့ ရန်ခေါ်ကြိုးဝိုင်းရှိ ၁၉၇၄ခုနှစ် ကျွန်းစိုက်ခင်း ၃၃ဧကကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဦးစီးအရာရှိ ဦးစိုးသန်းနှင့် ပြည်နယ်ညွှန်ကြားရေးမှူး ဦးသန်းမြင့်တို့က သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းထားရှိမှုနှင့်သစ်တောစိုက်ခင်းများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးသည်တောင်ကုတ်မြို့ အမှတ်(၉၉) သစ်စက်သို့ သွားရောက်၍ သစ်ခွဲစိတ်လည်ပတ်နေမှုနှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့ မြန်မာ့သစ်လုပ်ငန်း သံတွဲသစ်ထုတ်ရေး ဒေသမှတ်သစ်ဆိပ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးသည် ဇန်နဝါရီ ၇ရက်တွင် သံတွဲမြို့ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံးသို့ ရောက်ရှိပြီး သံတွဲမြို့ရှိ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တော ဦးစီးဌာနတို့မှ ဝန်ထမ်းများအား လုပ်ငန်းရည်မှန်းချက်များ ပြီးမြောက် အောင်မြင်စေရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သံတွဲမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၆၈)သစ်စက်ကိုလည်းကောင်း၊ သံတွဲမြို့ သံတွဲစံပြကြိုးဝိုင်းအတွင်းရှိ ၁၉၆၉ ခုနှစ် ကျွန်းစိုက်ခင်းဧက ၅၀၊ ၁၉၇၀ ပြည့်နှစ် ကျွန်း စိုက်ခင်းဧက ၅၀ နှင့် ၁၉၇၁ခုနှစ် ကျွန်းစိုက်ခင်း ၄၅ ဧကတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဂွမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၈၅) သစ်စက်ကိုလည်းကောင်း၊ ရေကြည်-ငါးသိုင်းချောင်း-ဂွလမ်းပေါ်ရှိ ဒေါင်းချောင်းစခန်းကိုလည်းကောင်း၊ ဂွမြို့ သစ်တောစိုက်ခင်းစခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သစ်တောရွာအခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

စစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေကြည်မြို့နယ် လေးမျက်နှာ ကြိုးဝိုင်းအတွင်း ၂၀၀၇ ခုနှစ် ပုဂ္ဂလိကသစ်မျိုးစုံ(မဟော်ဂနီ)စိုက်ခင်း ၁၀ ဧကနှင့် ရေကြည်မြို့နယ် ပုသိမ် သစ်ထုတ်ရေးဒေသ မာလာကွင်း သစ်ဆိပ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချစ်နိုင်-စိတ်ပညာ၏ ဘဝထဲကသင်ခန်းစာ စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ဘဝထဲက သင်ခန်းစာ စာအုပ်သည် စာရေးသူမြင်သမျှ သိသမျှ၊ ဖတ်မှတ်လေ့လာထားသည်တို့ကို စာဖတ်သူများ မိမိခံစားရသကဲ့သို့ ခံစားနိုင်ပါစေ၊ မိမိနားလည်သကဲ့သို့ နားလည်သိမြင်နိုင်ပါစေဟူသော စေတနာဖြင့် ဤစာစုကိုရေးသားထားကြောင်း၊ ဤစာစုကို ဖတ်ရှုလေ့လာခြင်းဖြင့် လောကကောင်းကျိုးနှင့် လူသားတို့ဘဝ တိုးတက် ချမ်းသာရေးအတွက် အထောက်အပံ့ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စာရေးသူက အမှာစာတွင် ဖော်ပြထားပြီး ဆောင်းပါး၂၆ပုဒ်ကို စုစည်းတင်ပြထားသည်။ **(ယာပုံ)**



နိုင်စာပေ အမှတ်(၂၂) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၄၂၇၀ နှင့် ဖုန်း-၀၉-၅၀-၃၄၅၀၇က ဖြန့်ချိ၍ တန်ဖိုးငွေကျပ်၁၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်(၂) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန် ဆေးတက္ကသိုလ်(၂) စတင်ဖွင့်လှစ်သည့် ၁၉၆၃ခုနှစ်မှ ၁၉၆၈ခုနှစ်အတွင်း ကျောင်းဝင်ခဲ့သည့် အတန်းရှစ်တန်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းမြတ်ဆရာကန်တော့ပွဲကို ဇန်နဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် M.3 Food Centre ၌ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဒေါက်တာဝင်းမြင့် ဖုန်း-၆၄၁၃၁၇၊ ဒေါက်တာစိုးမင်းသန်း (ခ) စိုးအောင် ဖုန်း-၂၉၃၉၆၃၊ ဒေါက်တာ စိုးသန်း ဖုန်း-၂၂၆၈၅၅-၂၁၅၊ ဒေါက်တာ ကျော်မိုး ဖုန်း-၃၈၂၁၇၇၊ ဒေါက်တာ လူစီကျော်မြ ဖုန်း - ၆၆၄၉၄၂၊ ဒေါက်တာခင်မောင်သန်း ဖုန်း-၆၅၀၅၃၄၊ ဒေါက်တာသန့်လွင်မောင် ဖုန်း-၅၂၇၆၅၆၊ ဒေါက်တာ အောင်ကြည်ဝင်း ဖုန်း-၀၁-၅၃၈၈၉၂တို့သို့ ဆက်သွယ်ကြရန်နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း အသားတင်အမြတ်ဝင်ငွေ လျာထားချက်ပြည့်မီရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကရန်ကုန်တိုင်း၏ ၂၀၀၇ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံခြင်းနှင့် ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်း၏ အသားတင်အမြတ်ဝင်ငွေ လျာထားချက်ပြည့်မီရေးတို့အတွက် ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း သန်လျင်ဘဏ်ခွဲ အဆောက်အအုံ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက ၂၀၀၇ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို သတ်မှတ်ရက်အတွင်း ပြေကျေစွာကောက်ခံရရှိရေးနှင့် ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်း အနေဖြင့် ယခင်နှစ်များကကဲ့သို့ အသားတင်အမြတ်ငွေလျာထားချက်ကို ပြည့်မီကျော်လွန်အောင် မြို့နယ်ဘဏ်ခွဲအလိုက် တာဝန်ရှိသူအားလုံးကကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ်ဖြည့်ဆည်းရှင်းလင်းဆောင်ရွက်ပေးသည်။

ပထမရရှိ

ရန်ကုန်တိုင်း အနေဖြင့် ပြည်နယ်နှင့်တိုင်းများအားလုံးတွင် ယမန်နှစ်က အသားတင်အမြတ်ဝင်ငွေကျပ်၄၁၃သန်းကျော်ဖြင့် ပထမရရှိခဲ့သော တိုင်းတစ်တိုင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဧည့်သည်များနှင့်အတူ ခန်းမပြင်ပ၌ ပြသထားသော ကျန်းမာရေးဆိုင်ရာ သုတေသန ပိုစတာပြခန်းနှင့် ဆေးနှင့်ဆေးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို အစီအစဉ်အတိုင်းကျင်းပပြီး ဇန်နဝါရီ ၁၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဇန်နဝါရီ ၈ရက်က ကျင်းပသော တာမွေမြို့နယ် အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည် ချွန်ဆုပေးပွဲ အခမ်းအနား၌ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တတိယတန်း စာပေဘာသာထူးချွန်ပထမဆုရ မောင်ရှင်းသန့်ကိုအား လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က ဆုချီးမြှင့်စဉ်။

(က-ပ)

ဇန်နဝါရီ ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းက ဖတ်ကြားစဉ်။

(၁၂၈)

မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်း) မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက မန္တလေး ပြည်ကြီးတံခွန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး ရတနာခန်းမ၌ကျင်းပသော မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်း) တတိယအကြိမ် ရွေးချယ်တင်မြှောက်ခြင်း ဆဋ္ဌမအကြိမ်နှစ်ပတ်လည်အစည်းအဝေး၊ မွေးမြူရေးအစားအစာဆေးဝါးပြပွဲနှင့် မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေကအမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာမြဟန်က မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်း) တတိယအကြိမ် ရွေးချယ်တင်မြှောက်ခြင်းနှင့် ဆဋ္ဌမအကြိမ်နှစ်ပတ်လည် အစည်းအဝေးကျင်းပရခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို) အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်က မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်း) တတိယအကြိမ် သုံးနှစ်သက်တမ်း အလုပ်အမှုဆောင်များစာရင်းအား ဖတ်ကြားအတည်ပြုပြီး မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း) အလုပ်အမှုဆောင်များက ကတိသစ္စာ ရွတ်ဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို မွေးမြူရေးဆေးဝါးနှင့် မွေးမြူရေးသုံးပစ္စည်းပြပွဲမုခ်ဦးရှေ့တွင် ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ပြပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြခန်း၃၂ခုတွင် ကုမ္ပဏီပေါင်း၂၂ခုမှ ပြသထားသော မွေးမြူရေးဆေးဝါးနှင့် မွေးမြူရေးသုံးပစ္စည်းများ၊ မွေးမြူရေးထွက်ကုန်ပစ္စည်း ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဓမ္မိကာရာမ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၈

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇)ရပ်ကွက် မဟာဓမ္မိကာရာမကျောင်းတိုက် ဆုတောင်းပြည့်စေတီတော်မြတ်၏ (၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲအဖြစ် ဇန်နဝါရီ၁၁ရက်တွင် တွံတေးဆရာတော် အရှင်ဣန္ဒက၊ ၁၂ရက်တွင် မေတ္တာအေးဆရာတော် အရှင်သုဇာတ၊ ၁၃ရက်တွင် သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ၊ ၁၄ရက်တွင် ထေရဝါဒတက္ကသိုလ် လ/ထကထိက ဒေါက်တာဣန္ဒက၊ ၁၅ရက်တွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဟုသိရသည်။ **(က-ပ)**

အထကဖောင်ကြီး အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

အထကဖောင်ကြီး ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အထက်ပါကျောင်း ကျောက်စိမ်းခန်းမ၌ ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား အခမ်းအနားသို့ ကြိုဆိုမည့် မော်တော်ယာဉ်သည် လသာ ရဲစခန်းရှေ့မှ ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီ၌ စတင်ထွက်ခွာမည်ဖြစ်သည်။

၁၉၆၆ ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူ ဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုခင်မောင်ဦး ဖုန်း-၂၄၇၆၇၉၊ မခင်ဝေထွန်း ဖုန်း-၂၄၇၃၈၂၊ ကိုတင်မျိုးညွန့် ဖုန်း-၀၉-၉၀-၅၀၉၂၄၊ ကိုစိန်မြင့်ထွန်း ဖုန်း-၀၉-၅၁-၁၆၉၅၆တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

အမှတ်(၉)အခြေခံပညာ မူလတန်းလွန်ကျောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၏ ၂၀၀၆-၂၀၀၇ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ သူငယ်တန်းမှ ဆုရရှိသူ မအေးချမ်းမိုးမြင့်အား ကျောင်းအုပ်ဆရာမကြီးဒေါ်စိန်စိန်အေးက ထူးချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရကျောင်း ပဓာနနာယက ဇေယျဝတီမြို့ ဓမ္မာရုံကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) အရှင်မြတ်သည် မွေးရပ်ဇာတိဖြစ်သော ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီမြို့ ဓမ္မာရုံကျောင်းတိုက်၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၃၇၀၈၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁ရက်က ပုဇွန်တောင် မြို့နယ် ဂီတ အစည်းအရုံး ဥက္ကဋ္ဌ ဒေါ်မြမြသွင်နှင့် စည်းရုံးရေးကော်မတီဝင်များ ရွှေဘုန်းပွင့် စေတီတော်တွင် သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (က-ပ)

အထွေထွေဘဏ်လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

ဘဏ်များကြီးကြပ်ရေး ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၁၁) ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရဇ်ရွှေစင်ခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်ထိန်းသိမ်း

ရှေးဦးစွာဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက အမှာစကား ပြောကြားရာတွင် တိုးတက်ဖြစ်ပေါ်နေသည့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအား သိရှိနားလည်၍ ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သော ယခင်သင်တန်းများ၏ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ပိုပြီး ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

အဆိုပါ သင်တန်းသို့ နိုင်ငံပိုင် ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း ၄၀ တက်ရောက်ခဲ့ကြကာ သင်တန်းကာလ ရက်သတ္တ ၁၀ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ အရှေ့ရန်ကင်း တိုက် ၃၀၆ နေ မိဘနှစ်ပါးနှင့် ဦးမြင့်ဦးအားရည်စူး၍ ဒေါ်မေမေထားနှင့် မိသားတစ်စုတို့က အလှူငွေကျပ် ၂၅၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျောက်တံတား၌ ဟောပြောပွဲနှင့်စာဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ပွဲတော်လ လှုပ်ရှားမှုတစ်ရပ်ဖြစ်သော ဟောပြောပွဲနှင့် စာဖတ်ပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်က ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ပြန်လည်ဆွေးနွေး

အခမ်းအနားတွင် အမှတ်(၇)ရပ်ကွက် ဥက္ကဋ္ဌဦးအောင်အောင်ထွန်းက အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုလေးဆုရှင် စာရေးဆရာ သိပ္ပံစိုးမြင့်နိုင်က လျှပ်စစ်သုတအကြောင်း ဟောပြောသည်။ စာဖတ်ပွဲအဖြစ် ချစ်နိုင်(စိတ်ပညာ)၏ ယဉ်စမ်းပါ့စိတ်ကူးစာအုပ်မှ စာဖတ်ခြင်းဆောင်းပါးကို ရပ်ကွက်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်အေးအေး**(အပေါ်ပုံ)**က ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦးက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းသည် (၁၄)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၂ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် မင်္ဂလာခန်းမ UMFCCI Officer Tower အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၈၃၀၊ ၂၁၄၈၃၁တို့သို့ ဆက်သွယ်သတင်းပေးပို့၍ အစည်းအဝေးတက် ရောက်နိုင်ကြောင်းနှင့် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁၁ရက် (သောကြာနေ့) မွန်းလွဲ၁နာရီတွင် အထက်ဖော်ပြပါခန်းမ၌ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဟောပြောပွဲကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

နတ်စင်ကုန်း အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

တောင်ငူမြို့ နတ်စင်ကုန်း အထက၏(၁၁)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၁၂ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်နိုင်ရန် ဦးမောင်မောင်သန်း အထက နတ်စင်ကုန်း တောင်ငူ ဖုန်း-၀၅၄-၂၇၂၆၂၊ ကိုအောင်သူရိန် Net Star Computer တောင်ငူ ဖုန်း-၀၅၄-၂၅၀၉၃၊ ကိုကျော်ကျော်လွင် စပို့ဆင်ဒီကိတ် တောင်ငူ ဖုန်း-၀၉၅-၃၅၀၂၅၂၊ ဒေါ်ခင်နှင်းဖြူ ပို့/ဆက်ဦးစီး သာယာဝတီ ဖုန်း-၀၅၅-၃၀၂၇၇နှင့် ကိုသီဟဝင်း ကေတုမတီ မြို့သစ် တောင်ငူ ဖုန်း-၀၉၅-၃၅၁၁၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၈

ကင်ညာ၌အကြမ်းဖက်မှု လူ၁၀၀၀ကျော်သေဆုံး

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲပြုလုပ်ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ နိုင်ငံအနှံ့အပြားဖြစ်ပွားခဲ့ရာ သီတင်းတစ်ပတ်အတွင်း လူ၁၀၀၀ကျော် သေဆုံးခဲ့ရကြောင်း ကင်ညာအရာရှိများက ပြောကြားသည်။

ကင်ညာနိုင်ငံ၌ အကြမ်းဖက်မှုများ၊ ဖုံးခွဲတိုက်ခိုက်မှုများ ရပ်တန့်ကြရန် အာဖရိကအဖွဲ့ချုပ်က တောင်းဆိုလိုက်သည်။

ရွေးကောက်ပွဲဝင်ရန် နီပေါနိုင်ငံရေးပါတီများ မှတ်ပုံတင်ရမည်

နီပေါနိုင်ငံရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ခုနစ်ရက်အတွင်း လာရောက်မှတ်ပုံတင်ကြရန် နီပေါရွေးကောက်ပွဲ ကော်မရှင် (အီးစီ) က သတင်းထုတ်ပြန်လိုက်သည်။

လာမည့် ဧပြီလလယ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများအနေဖြင့် ဇန်နဝါရီ၁၄ရက် နောက်ဆုံးထားပြီး မှတ်ပုံတင်စာရင်း ပေးသွင်းကြရမည်ဖြစ်သည်။

အစ္စရေးမြောက်ပိုင်း ဒုံးကျည်များဖြင့်ပစ်ခတ်ခံရ

လက်ဘနွန်မှ အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ဒုံးကျည်တစ်စင်းသည် အစ္စရေးနိုင်ငံမြောက်ပိုင်း ရှလိုမီမြို့ရှိ နေအိမ်တစ်လုံးအား ထိမှန်ခဲ့ပြီး ဒုတိယဒုံးကျည်တစ်စင်းမှာ ထိုမြို့၏ လမ်းတစ်လမ်းပေါ် ကျရောက်ပေါက်ကွဲခဲ့သည်။ ၂၀၀၆ခုနှစ်က အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ လက်နက်ကိုင်တို့ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပစ်ခတ်တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

ထိုင်း၌ မဲလိမ်ခဲ့သည့်ကိုယ်စားလှယ်များထုတ်ပြန်

မကြာမီကကျင်းပပြီးစီးခဲ့သော ထိုင်းရွေးကောက်ပွဲ၌အနိုင်ရရှိသော ထိုင်းပြည်သူ့အာဏာပါတီ(ပီပီပီ)နှင့် ဒီမိုကရက်ပါတီတို့မှ အရွေးချယ်ခံရသည့် ကိုယ်စားလှယ်များအနေဖြင့် မဲလိမ်မှုများရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ထိုင်းရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်သည်။

မဲလိမ်ကာအရွေးချယ်ခံခဲ့သော ကိုယ်စားလှယ်များမှာ ထိုင်းပြည်သူ့အာဏာပါတီမှကိုယ်စားလှယ်သုံးဦးနှင့်ဒီမိုကရက်မှကိုယ်စားလှယ်တစ်ဦးတို့ ပါဝင်ကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်သည်။

အီရန်က အမေရိကန်နှင့်ဆက်ဆံရေးပြုလုပ်မည်မဟုတ်

အီရန်နိုင်ငံအနေဖြင့် အမေရိကန်တို့နှင့်ပုံမှန်ဆက်ဆံရေး ပြန်လည် ပြုလုပ်မည် မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမေရိကန်တို့၏ အရှေ့အလယ်ပိုင်းမူဝါဒ ပြောင်းလဲမှုမရှိမချင်း မိမိတို့အနေဖြင့် ပုံမှန်ဆက်ဆံရေးပြုလုပ်မည် မဟုတ်ကြောင်း၊ မည်သည့်အနေထားမျိုးနှင့်မျှ ပြန်လည်ဆက်ဆံမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဆီယံအတွင်းရေးမှူးချုပ်အသစ်စတင်တာဝန်ထမ်းဆောင်

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အတွင်းရေးမှူးချုပ်အဖြစ် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာဆူရင်ပစ်ဆူဝါကို ၂၀၀၇ခုနှစ် နိုဝင်ဘာလက စင်ကာပူ၌ ကျင်းပခဲ့သော (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဒေါက်တာဆူရင်ပစ်ဆူဝါသည် ၂၀၀၈ခုနှစ် ဇန်နဝါရီ၁ရက်မှ စတင်ကာ အာဆီယံအတွင်းရေးမှူးချုပ်အဖြစ် ငါးနှစ်သက်တမ်းတာဝန် ထမ်းဆောင်နေပြီဖြစ်သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စဝတ်ဒေသ နည်းပညာကောလိပ်အနီး ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထိုသို့ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် အတိုက်အခံ ခေါင်းဆောင် ဘေနာဇီယာဘူတို ဗုံးခွဲလုပ်ကြံခံရပြီးနောက် နိုင်ငံတစ်ဝန်း ဗုံးပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပေါ်လျက်ရှိသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းပြန်ကျလာ

ကမ္ဘာ့ဈေးကွက်တွင် ပြီးခဲ့သည့်ရက်အနည်းငယ်က ရေနံဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့ရာ ယခုအခါ ရေနံဈေးနှုန်းအနည်းငယ် ကျဆင်းလာခဲ့ကြောင်း အိုပက်အဖွဲ့က သတင်းထုတ်ပြန်သည်။ ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ၁၀၀ဒသမ၀၉ ဒေါ်လာအထိ မြင့်တက်ခဲ့ရာမှ ယခုအခါ ရေနံတစ်စည်လျှင် ၉၈ဒသမ၄၀ဒေါ်လာသို့ ကျဆင်းလာကြောင်း သိရသည်။

နိုင်ငံတကာမှခင်း

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ခွင့်လွှတ်ပါတော့သမီးရယ်...

တိုရွန်တိုမြို့သည် ကနေဒါနိုင်ငံ အရှေ့တောင်ပိုင်း အွန်တာရီယို ရေအိုင်ကြီး၏ ကမ်းနဖူးတွင် တည်ရှိကာ သဘာဝအလှအပရှုခင်းများဖြင့် သာယာလှပသည်။

ဖခင်ကောင်းပီသသူ

တိုရွန်တိုမြို့ မစ္စစ်ဆော်ဂါအရပ်တွင် နေထိုင်သော မိုဟာမက်ပါဗက်ဇ်သည် လွန်ခဲ့သည့် ၂၀၀၀ပြည့်နှစ်က ဇနီးသည် ဆုံးပါးခဲ့သည်။ ထိုစဉ်က ပါဗက်ဇ်၏ အသက်မှာ ၅၀မျှသာရှိသေးသည်။ ဇနီးသည် ဆုံးပါးချိန်တွင် ပါဗက်ဇ်၌ ၁၁နှစ်အရွယ်ရှိ ဝါကက်ပါဗက်ဇ်အမည်ရှိ သားတစ်ဦးနှင့်ကိုးနှစ်အရွယ်ရှိ အက်ဆာပါဗက်ဇ်**(အပေါ်ပုံ)** ဆိုသော သမီးတစ်ဦးတို့ကျန်ရစ်ခဲ့သည်။ ပါပက်ဇ်သည် ထိုစဉ်က အသက်အရွယ် ငယ်ရွယ်သေးသော်လည်း မိတဆိုးသားနှင့် သမီးတို့၏ရှေ့ရေးကို ငဲ့ကွက်လျက် နောက်အိမ်ထောင်မပြုခဲ့ပေ။ သားနှင့်သမီးကို လူလားမြောက်အောင်ပြုစုပျိုးထောင်ရင်း ၎င်း၏ဘဝကို သားသမီးနှစ်ဦးအတွက် ပေးဆပ်ခဲ့သော ဖခင်ကောင်းပီသသူတစ်ဦးဖြစ်သည်။ သားသမီးနှစ်ဦးကို အရွယ်ရောက်အောင်ကျွေးမွေးပြုစုရင်း ဘဝအမောများကို ဖြေဖျောက်ကာ လောကဓံကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ခဲ့ရသည်။ သားသမီးနှစ်ဦးကို ပညာသင်ကြားပေးခဲ့ရာ သားအကြီးက တက္ကသိုလ်ဒုတိယနှစ် တက်ရောက်နေပြီး သမီးသည် တက္ကသိုလ်ဝင်တန်းကျောင်းသူဖြစ်နေပေပြီ။

ခေတ်ရှေ့ပြေး

သားသမီးနှစ်ဦးသည် မိတဆိုးများဖြစ်ကြသော်လည်း ဖခင်ဖြစ်သူ ပါဗက်ဇ်အပေါ်တွင် အကြီးအကျယ်စိတ်ဆင်းရဲအောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ဆိုးနွဲ့လေ့ မရှိကြပေ။ သို့သော်လည်း မိတဆိုးသမီးကလေးဖြစ်သည့် အက်ဆာပါဗက်ဇ်သည် ဝတ်စားဆင်ယင်မှုတွင် ဖခင်၏ဆန္ဒကို ဆန့်ကျင်ပြုလုပ်လေ့ရှိသည်။ ဖခင်ပါဗက်ဇ်က ၎င်းတို့ရိုးရာဝတ်စုံကို သမီးဖြစ်သူအား အမြဲတမ်းဝတ်ဆင်စေချင်သည်။ သမီးဖြစ်သူ အက်ဆာပါပက်ဇ်ကမူ ခေတ်၏သမီးပျိုပီပီ ခေတ်ရှေ့ပြေးကာ အနောက်တိုင်းဝတ်စုံများကိုသာ ဝတ်စားချင်သူဖြစ်သည်။ သို့သော်လည်း သူ့ဆန္ဒကိုမျိုသိပ်ကာ ဖခင်ဖြစ်သူ၏ဆန္ဒကို လိုက်လျောခဲ့လေသည်။

ကံဆိုးမိုးမှောင်ကျ

အက်ဆာပါဗက်ဇ်၏အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်လိုသော ဆန္ဒကပင် တည်ငြိမ်အေးချမ်းနေသော မိသားစုဘဝကလေးကို ကမောက်ကမ ဖရိုဖရဲဖြစ်အောင် ဖန်တီးလာမည်ဟု မိသားစုအားလုံး ရိပ်စားမိခြင်းမရှိခဲ့ကြပေ။ တစ်နေ့တွင် ပါဗက်ဇ်တို့မိသားစု မသိနိုင်သော ၎င်းတို့ကို ကံဆိုးမိုးမှောင်ကျစေမည့် အချိန်အခါသို့ရောက်ရှိခဲ့တော့သည်။ ထိုနေ့ကား ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၁ရက်ပင်ဖြစ်သည်။ အသက် ၁၆နှစ်အရွယ်ရောက်နေပြီဖြစ်သည့် အက်ဆာပါဗက်ဇ်သည် အဆိုပါနေ့တွင် အိမ်မှထွက်ခွာစဉ် ၎င်းတို့၏ ရိုးရာဝတ်စုံကို ထုံးစံအတိုင်း ဝတ်ဆင်ခဲ့သော်လည်း ကျောင်းသို့အရောက်တွင် သန့်စင်ခန်းတွင်းသို့ဝင်ကာ ၎င်းနှစ်သက်သဘောကျသော အနောက်တိုင်းဝတ်စုံကို လဲလှယ်ဝတ်ဆင်ခဲ့သည်။ ညနေအိမ်ပြန်ချိန်တွင်မူ ဝတ်စုံကိုပြန်လည်လဲလှယ်ဝတ်ဆင်ရန် မေ့သွားခဲ့ပြီး အနောက်တိုင်းဝတ်စုံဖြင့်ပင် အိမ်သို့ပြန်သွားခဲ့မိသည်။ အိမ်အရောက်တွင် ဖခင်နှင့်ပက်ပင်းတိုးကာ ယင်းကဲ့သို့ဝတ်စုံလဲလှယ်ဝတ်ဆင်မှုအတွက် ဖခင်နှင့် စကားများကြရတော့သည်။

ဖခင်ပါဗက်ဇ်သည် အက်ဆာပါဗက်ဇ်အား ဒေါသအလျောက် အမှတ်မထင် ဦးခေါင်းနောက်ပိုင်းကို တုတ်ဖြင့်ရိုက်မိခဲ့သည်။ ချက်ကောင်းဖြစ်သည့် နောက်စေ့ကိုရိုက်မိသဖြင့် သမီးဖြစ်သူမှာ အရုပ်ကြိုးပြတ်လဲကျမေ့မြောသွားကာ ခဏအတွင်းမှာပင် အသက်ရှူရပ်ကာ သေဆုံးသွားတော့သည်။ ပါဗက်ဇ်အနေဖြင့် အရူးကြီးတစ်ဦးပမာ ဖြစ်သွားပြီး သမီးဖြစ်သူကို ၎င်းသတ်မိကြောင်း ဝန်ခံကာ အဖမ်းခံခဲ့သည်။ အက်ဆာပါဗက်ဇ်၏ အောက်မေ့ဖွယ်အုတ်ဂူကို သူမတက်ရောက်ခဲ့ရာ အထက်တန်းကျောင်းအနီးတွင် ၎င်း၏သူငယ်ချင်းများက တည်ပေးခဲ့သည်။

သတိပြုဆင်ခြင်ဖွယ်

ယခုဖြစ်ရပ်တွင် သမီးဖြစ်သူအား ရိုးရာဝတ်စုံကိုအမြဲတမ်းဝတ်ဆင်စေလိုသည့် ဖခင်၏စိတ်ဆန္ဒနှင့် ခေတ်ဆန်ဆန်ဝတ်စားလိုသော အက်ဆာပါဗက်ဇ်တို့အကြား ပဋိပက္ခကိုတွေ့ရသည်။ ပါဗက်ဇ်အနေဖြင့် ကံကိုသာ ယိုးမယ်ဖွဲ့ရမည်ဖြစ်ပြီး ထောင်ဒဏ်ကိုကျခံရင်းမှ ခွင့်လွှတ်ပါတော့သမီးရယ်ဟု ရင်ထဲတွင် ထာဝရတမ်းတနေရမည့်အဖြစ်မှာ စိတ်လိုက်မာန်ပါမပြုမိရန် သတိပြုဆင်ခြင်ဖွယ်ရာပင် ဖြစ်ပါလေတော့သည်။ ။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟာတေပြည်နယ် ဖူစူလန်ခရိုင်၌ ဇန်နဝါရီ၈ရက်က အုတ်များကို မီးဖုတ်သည့် အုတ်ဖိုကြီးတစ်ခု ပြိုကျခဲ့ရာ ငါးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။
- **ကနေဒါနိုင်ငံ အနောက်ပိုင်း ကီလောနာမြို့၌ ဇန်နဝါရီ၈ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ ဆီးနှင်းထုလေးပေအမြင့်အထိ ရှိခဲ့သည်။**
- မွန်ဂိုလီးယားနိုင်ငံ တောင်ပိုင်းပြည်နယ်များ၌ ဇန်နဝါရီ၇ရက်က မွေးမြူထားသော မြင်းကောင်ရေ ၆၀၀၀၀ခန့် ထူးဆန်းသော တုပ်ကွေးရောဂါ ကူးစက်ခံနေရကြောင်း မွန်ဂိုလီးယားအရာရှိများက ပြောကြားသည်။
- **တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တောင်ပိုင်း အဝေးပြေးမော်တော်ကားလမ်းတစ်ခု၌ ဇန်နဝါရီ၇ရက်က ခရီးသည်တင် ဘတ်စ်ကားနှစ်စီး အရှိန်ပြင်းစွာတိုက်မိခဲ့ရာ ၁၀ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။**
- အမေရိကန်နိုင်ငံ အာရေဘီယံပင်လယ်ကွေ့၌ ဇန်နဝါရီ၇ရက်က တိုက်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့သော်လည်း လေယာဉ်မှူးများအား ကယ်ဆယ်နိုင်ခဲ့သည်။
- **တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဇန်နဝါရီ၈ရက် နံနက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ လေယာဉ်ခရီးစဉ် အများအပြား ဖျက်သိမ်းခဲ့ရသည်။**
- ပီရူးနိုင်ငံ အလယ်ပိုင်း ဂျူနင်ပြည်နယ်ရှိ သတ္တုမိုင်းတွင်းတစ်တွင်း ဇန်နဝါရီ၈ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့ရာ မိုင်းလုပ်သားလေးဦးသေဆုံးခဲ့သည်။
- **ဂျာမနီနိုင်ငံအနောက်တောင်ပိုင်း ဟိုင်ဒယ်ဘတ်မြို့အနီး၌ ဇန်နဝါရီ၈ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။** (အောက်ပုံ)

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ချယ်လ်ဆီးရောက်လာမည့် အနယ်ကာ

ရေးသူ- မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၈

ပြင်သစ်နဲ့ ဘော်လ်တန် တိုက်စစ်မှူး အနယ်ကာကို ချယ်လ်ဆီးတို့က ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းပေးမယ်လို့ စောစောပိုင်းအချိန်တွေက ဈေးပေးခဲ့တာကို ဘော်လ်တန်တို့ ငြင်းပယ်ခဲ့ပြီးနောက်ပိုင်းမှာ ချယ်လ်ဆီးတို့က အခုငွေထပ်တိုးပေးပြီး ခေါ်ယူဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

တိုက်စစ်မှူးအခက်အခဲနဲ့ ရင်ဆိုင်နေရတဲ့ ချယ်လ်ဆီးအတွက် နည်းပြ ဂရန့်ဟာ ဘော်လ်တန် တိုက်စစ်မှူး အနယ်ကာကို ခေါ်ယူဖို့ကြိုးစားခဲ့တာ နည်းပြအဖြစ် တာဝန်ယူကတည်းကလို့ ဆိုပါတယ်။

ကြိုးစား

ချယ်လ်ဆီးမှာ လက်ရှိအားထားနေရတဲ့ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာဟာ လာမယ့် ဇန်နဝါရီ ၂၀ ရက်က စပြီး အာဖရိကဖလား ဘောလုံးပြိုင်ပွဲ ဆင်နွှဲရတော့မှာဖြစ်တာကြောင့် အသုံးတည့်မယ့် တိုက်စစ်မှူးတစ်ဦး ဖြည့်ဆည်းဖို့ ဇန်နဝါရီ ဈေးကွက်အဖွင့်မှာ ရအောင် ကြိုးစားနေခြင်းဖြစ်ပါတယ်။

ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ပွဲစဉ်တွေ အရေးကြီးနေချိန်မှာ အသင်းရဲ့ အဓိက ဘောလုံးသမားတွေဖြစ်တဲ့ ဒရော့ဘာ၊ အက်ဆီယံ၊ ကာလူးနဲ့ ဂျွန်အိုဘီတို့က သူတို့ရဲ့ မိခင်နိုင်ငံအသင်းတွေမှာ သွားကစားပေးရတဲ့ အချိန်နဲ့ တိုက်ဆိုင်နေတာမို့ ဒီဈေးကွက်အဖွင့်မှာ ဘောလုံးသမားအသစ် ဖြည့်ဆည်းမှုတွေ အရှိန်မြှင့်ပြုလုပ်ဖို့ နဂိုကတည်းက တာစူထားတဲ့အသင်း ဖြစ်ပါတယ်။

စာချုပ်

အနယ်ကာကို ချယ်လ်ဆီးက လေးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူတော့မယ်ဆိုတဲ့သတင်းကို ဇန်နဝါရီ ၈ ရက်မှာ ချယ်လ်ဆီးကလပ်က အတည်ပြုလိုက်ပြီ ဖြစ်ပေမယ့် ပြောင်းရွှေ့ကြေးကိုတော့ ထုတ်ဖော်ပြောကြားခြင်းမရှိပါဘူး။ အနယ်ကာကလည်း ချယ်လ်ဆီးမှာ ကစားရဖို့အတွက် မိမိအသင့်ဖြစ်နေပြီလို့ ဆိုနေတာကြောင့် ရက်ပိုင်းအတွင်းမှာ စာချုပ်နိုင်တော့မှာဖြစ်ပါတယ်။

အနယ်ကာဟာ အာဆင်နယ်၊ လီဗာပူး၊ ပီအက်စ်ဂျီ၊ မန်စီးတီးနဲ့ ဖီနာဘာချီအသင်းတွေမှာကစားခဲ့တဲ့ တိုက်စစ်မှူး

ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ ဘော်လ်တန်အသင်းကို ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်၊ လက်ရှိ ပရီမီယာလိဂ်မှာ ဘော်လ်တန်အသင်းအတွက် စုစုပေါင်း ၁၁ ဂိုးသွင်းပေးထားနိုင်ပြီး ဘော်လ်တန်မှာတော့ ဒီနှစ်မှာ ဂိုးအများဆုံး သွင်းထားနိုင်သူပါပဲ။

အသက် ၂၈ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ အနယ်ကာဟာ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာနဲ့ ကစားပေါက်ချင်းတူနေပေမယ့် ရှက်ဗ်ချင်ကို၊ ကာလူးတို့ ကစားဟန်နဲ့တော့ မတူပါဘူး။ အနယ်ကာဟာ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာတော့ ဂိုးရအောင် တွန်းတွန်းတိုက်တိုက်နဲ့ ကြံသလို ဂိုးသွင်းနိုင်သူ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

အခုတော့ ချယ်လ်ဆီးတို့က အနယ်ကာကို ခေါ်ယူဖို့အတွက် အပြီးသတ် စာချုပ်ဖို့ပဲရှိတော့တာမို့ အနယ်ကာ ရောက်လာမယ့် ချယ်လ်ဆီးတိုက်စစ်ဟာ ဘယ်လောက်အထိ ထူးခြားထက်မြက်လာမှုရှိ မရှိ စောင့်ကြည့်ရတော့မှာ ဖြစ်ပါကြောင်း။ ။

စမ်းချောင်းလမ်း ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇန်နဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ရေကူးနှင့်ဝါတာပိုလိုပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ရေကူးနှင့်ဝါတာပိုလိုပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ဧရာဝတီ ရေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်(ရေ) ရေကူးကန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ အကြီးတန်းနှင့်ဝါတာပိုလိုတံခွန်စိုက်ဒိုင်းဆုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက လည်းကောင်း၊ လူသစ်တန်း တံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းကလည်းကောင်း ဆွတ်ခူးရရှိကြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ရေကူးနှင့် ဝါတာပိုလိုပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရရှိသွားသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်**(အပေါ်ပုံ)**က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

အက်ဖ်အေဖလား စတုတ္ထဆင့်ပြိုင်ပွဲ လက်ရှိချန်ပီယံချယ်လ်ဆီးနှင့် ဝီဂန်တွေ့မည်

လန်ဒန် ဇန်နဝါရီ ၈

အက်ဖ်အေဖလား စတုတ္ထဆင့်ပွဲစဉ်များကို သက်ဆိုင်ရာကထုတ်ပြန်ကြေညာခဲ့ရာ အာဆင်နယ်အသင်းသည် စတုတ် သို့မဟုတ် နယူးကာဆယ်အသင်းနှင့် တွေ့မည်ဖြစ်သည်။

လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းက ဝီဂန်အသင်း အိမ်ကွင်းသို့သွားရောက် ကစားရမည်ဖြစ်သည်။ မန်ချက်စတာယူနိုက်တက် အသင်းသည် တော့တင်ဟမ် သို့မဟုတ် ရက်ဒင်းအသင်းနှင့် တွေ့မည်ဖြစ်သည်။

တက်လှမ်းနိုင်မည်

လီဗာပူးအသင်းသည်ပထမတန်းမှ လူတန်အသင်းနှင့် ဇန်နဝါရီ ၆ ရက်က တတိယဆင့် ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။ လီဗာပူးနှင့် လူတန်တို့ ဇန်နဝါရီ ၁၅ ရက်တွင် တတိယဆင့် ပြန်ကန်ကြမည်ဖြစ်သည်။ ယင်းပွဲတွင် လီဗာပူးတို့ အနိုင်ရခဲ့လျှင် စတုတ္ထဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

ပြန်ကန်မည်

နယူးကာဆယ် အသင်းသည် စတုတ်စီးတီးအသင်းနှင့် ကစားရာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ အက်ဖ်အေဖလား တတိယဆင့်တွင် အရှုံး၊ အနိုင် အဖြေမထွက်ခဲ့သည့် အသင်းများသည် ဇန်နဝါရီ ၁၅ ရက်၌ ပြန်ကန်ကြရမည်ဖြစ်သည်။ ယင်းပြန်ကန်ကြမည့်အသင်းများတွင် ဝက်စ်ဟမ်းနှင့် ချာလ်တန်၊ ရက်ဒင်းနှင့် တော့တင်ဟမ်၊ မန်စီးတီးနှင့် ဝက်စ်ဟမ်း၊ နယူးကာဆယ်နှင့် စတုတ်တို့လည်း အပါအဝင်ဖြစ်သည်။

တတိယဆင့် ပြန်ကန်ပွဲတွင် အနိုင်ရသောအသင်းများ စတုတ္ထဆင့်သို့ တက်လှမ်းနိုင်မည် ဖြစ်သည်။ စတုတ္ထဆင့်သို့ တက်လှမ်းခွင့်ရသော အသင်းများသည် ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

လီဗာပူးသို့ရောက်လာမည့် ဈေးအကြီးဆုံး ခံစစ်မှူး

လန်ဒန် ဇန်နဝါရီ ၈

ဇီးနစ်စိန့်ပီတာစဘတ် အသင်းမှ ဆလိုဗက်ကီးယား နောက်တန်းကစားသမား မာတင်စကာတယ်အား လီဗာပူးက ပေါင်ခြောက်သန်းဖြင့် စာချုပ်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

အသက် ၂၃ နှစ်ရှိ အဆိုပါ နောက်တန်းကစားသမားသည် ဆလိုဗက်ကီးယား လက်ရွေးစင်အသင်းအတွက် ၁၅ ကြိမ်တိုင် ပါဝင်ကစားပေးခဲ့ပြီး ဖြစ်သည်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ခေါ်ယူစာချုပ်မည့် စကာတယ်အား နောက်တန်း ဗဟိုခံစစ်မှူးနေရာတွင် အားဖြည့်ရန်ပြင်ဆင်နေသည်။ လီဗာပူးက ၎င်းအားစာချုပ်ပြီးလျှင် စကာတယ်သည် လီဗာပူး၏ ဘောလုံးသမိုင်းတွင် ဈေးအကြီးဆုံး နောက်တန်းကစားသမား ဖြစ်လာမည်ဖြစ်သည်။

(အင်တာနက်)

လီဗာပူး နောက် တန်းသို့ရောက်လာမည့် စကာတယ်။

(အင်တာနက်ဓာတ်ပုံ)

စုစည်းရေးသားသူ
မြင့်မောင်ခိုး

ဆိုက်ဘာစီးတီးကွန်ပျူတာဆိုင်မှ ဖောက်ထွင်းခိုးယူခံရသော ငွေများ ပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/တောင်ရပ်ကွက် သိမ်ဖြူလမ်းရှိ ဆိုက်ဘာစီးတီး ကွန်ပျူတာဆိုင်မှ ဖောက်ထွင်းခိုးယူခံရသောငွေများ ပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်း၌ကျင်းပခဲ့သည်။

ဖမ်းဆီးရမိ

ဖြစ်ပွားပုံမှာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ဆိုက်ဘာစီးတီး ကွန်ပျူတာဆိုင်မှ အမေရိကန်ဒေါ်လာ ၃၆၀၀၀၊ FEC ၁၀၀၀၊ မြန်မာငွေစက္ကူရောရာ ငွေကျပ်သိန်း ၈၀ တို့ ဖောက်ထွင်းခိုးယူခံရသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်း၌ အမှုဖွင့် အရေးယူခဲ့ကြောင်း၊ အမှုကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ရဲအုပ်မြင့်သောင်း ဦးစီး တပ်ဖွဲ့ဝင်များက တာဝန်ယူ၍ သတင်းစုံစမ်းစစ်ဆေးခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် တောက်တိုလုပ်ကိုင်သူ အောင်ကျော်ထက်(ခ) အောင်သူ (ခ) ဘောစေ့ (၁၄)နှစ်အား လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် တောသားလေး(ခ)နိုင်မင်းအောင် (၁၅)နှစ်အား လည်းကောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် တောသားကြီး (ခ) ဇော်ထက်(ခ)ကတုံး (၁၅)နှစ်အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဝင်ရောက်ခိုးယူ

တရားခံများ၏ ထွက်ဆိုချက်များအရ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်း ရက်မမှတ်မိ ညနေ ၃ နာရီခန့်တွင် ၎င်းတို့သုံးဦးသည် ပုရွက်ဆိတ်ကုန်းဘူတာ၌ တွေ့ဆုံ၍ ရထားဖြင့် ပုဇွန်တောင်ဘူတာသို့ရောက်ရှိပြီး ဆိုက်ဘာစီးတီးကွန်ပျူတာဆိုင်နှင့် အနီးပတ်ဝန်းကျင်ကို လေ့လာခဲ့ကြောင်း၊ အချိန်စောသေး၍ အနီးရှိ ဘုန်းကြီးကျောင်းနှင့် သစ်ပင်များပေါ်တွင် တက်ရောက်ပုန်းခိုအိပ်ခဲ့ပြီး နောက်တစ်နေ့နံနက် ၃ နာရီတွင် ဆိုက်ဘာစီးတီး ကွန်ပျူတာဆိုင်ကို ဝင်ရောက်ခိုးယူခဲ့ကြောင်း၊ ဆိုင်၏ နောက်ဖေးပေါက် သစ်သားတံခါးမှာ သော့ခတ်မထားသဖြင့် အလွယ်တကူဖွင့်၍ ရရှိခဲ့ပြီး သံတံခါးကို အုတ်ခဲကျိုးဖြင့် ကန့်လန့်ခံကာ ဝင်ရောက်ခဲ့ကြောင်း၊ အတွင်းခန်း သစ်သားတံခါးကိုလည်း ၎င်းတို့ သုံးယောက်အားဖြင့် ဆွဲဖွင့်ခဲ့ကြောင်း၊ ထို့နောက် အံဆွဲများကို ဝက်အူလှည့်ဖြင့် လိုက်လံဖွင့်ကြည့်ပြီး အမေရိကန်ဒေါ်လာ၊ FEC၊ မြန်မာငွေ ရောရာများကို ယူဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်

တရားခံသုံးဦးထံမှ ပြန်လည်သိမ်းဆည်းရမိခဲ့သောငွေများကို အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးက ဆိုက်ဘာစီးတီး ကွန်ပျူတာဆိုင် မန်နေဂျာ ဦးအောင်သူရထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေး

ရွှေတောင် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၈ရက်က ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် သီဟသုဓမ္မသီဂိ၊ သုဓမ္မသီဂိ ဒေါ်ရင်ကြွေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်က အမျိုးသမီးများ အကြမ်းဖက်ခြင်းနှင့် အကြမ်းဖက်မှုမှ ကာကွယ်သည့် ဥပဒေများအကြောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနကြီးမှူး ဒေါ်လှဲ့လှဲ့ခိုင်က လူမှောင်ခိုနှင့် လူကုန်ကူးမှုအကြောင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်သီသီစန်းက မြန်မာ့အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေများအကြောင်း ဆွေးနွေးကြသည်။

ပေးအပ်

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သိန်းပိုင်၊ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းနှင့်အဖွဲ့ဝင်များ၊ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းဝင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်နှင့်အဖွဲ့ဝင်များက ဆွေးနွေးပွဲတက်ရောက်သူ အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောင်းသူလေးများအား တစ်ဦးချင်းဆီသို့ လက်ဆောင်ပစ္စည်းများ ဝေငှပေးအပ်ကြောင်းသိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုင်းရယ်၌ အမျိုးသားညီလာခံ အခြေခံမူများရှင်းလင်း

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲများ ဆောင်ရွက်ရန် ဆွေးနွေး

မိုင်းရယ် ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ရှင်းလင်းပွဲကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းလွင်ဦးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရှင်းလင်းသည်။**(ယာပုံ)**

ဆွေးနွေး

ယင်းနောက် လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

အဆောက်အအုံသစ်ဖွင့်

ယင်းနောက် ခရိုင် ဦးစီးအရာရှိ ဦးဆန်းဝင်းသည် မိုင်းရယ်မြို့နယ်ရှိ နားဖျိုင်းကျေးရွာ၊ နားဖကျေးရွာ၊ ဟိုယကျေးရွာ ပညာ့အလင်းစာကြည့်တိုက်များကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာစာကြည့်တိုက်ပိုင် အဆောက်အအုံသစ်ဖွင့်ပွဲများ ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ် ဆောင် ရွက် သော ကမ်းနီ ကျေးရွာအုပ်စု လှည်းကျော်ကုန်း ကျေး ရွာ တစ် လက် မ ခွဲ လက်နှိပ် တုံကင်တူးဖော် ပြီးစီးမှုကို ဒီဇင်ဘာ ၁၂ရက်က ခေတ္တ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးရေး လင်းခေး၌ဆွေးနွေး

လင်းခေး ဒီဇင်ဘာ ၂၄

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးနှင့် တာဝန်ရှိဝန်ထမ်းများ လိုက်ပါလျက် ဒီဇင်ဘာ ၁၃ရက် နံနက်၉နာရီက လင်းခေးမြို့နယ် ဝမ်ဟတ်၊ ဝမ်တိန်း၊ နားကုန်းကျေးရွာအုပ်စုအတွင်းရှိ အခိုင်အမာဖွင့်လှစ်ထားသော နမ့်ဆိုင်းကျေးရွာစာကြည့်တိုက်သို့ သွားရောက်ကာ ကျေးရွာဥက္ကဋ္ဌ၊ ကျေးရွာစာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာရှိ ရပ်မိရပ်ဖနှင့် ပြည်သူများအား မိမိတို့ကျေးရွာရှိ စာကြည့်တိုက်များ ခိုင်မာပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်သည့် စာကြည့်တိုက်များဖြစ်ကြောင်းနှင့် စာကြည့်တိုက်များ ပိုမိုရှင်သန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသခံပြည်သူများအား စာကြည့်တိုက်ပညာအကြောင်းကို ဦးအယ်လ်စိုးထန်တူးက ရှင်းလင်းဟောပြောပြီး အဆိုပါစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆွေးနွေး

ထို့နောက် အဆိုပါကျေးရွာများသို့ တစ်ရွာဆင်းတစ်ရွာတက် သွားရောက်ကြပြီး အလားတူ စာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ကွင်းဆင်းဟောပြော ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့ဝင် ဆိုင်းဘုတ်သစ်သားတန်း ကာရံ၍ ဆေးသုတ်ခြင်းနှင့် ပန်းအလှပင် စိုက်ပျိုးခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ညောင်ဦးနှင့် ငါ့သရောက်၌ စာဖတ်ဝိုင်းဆွေးနွေး

ညောင်ဦး ဒီဇင်ဘာ ၃၀

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နတ်တော်လ စာဆိုရာသီ စာဖတ်ပွဲတော်အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်က ညောင်ဦးမြို့နယ် ဂျမ်းလှီးကျေးရွာ စာကြည့်တိုက်နှင့် ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာ အမေ့ရွာပညာအလင်း စာကြည့်တိုက်တို့၌ ကျင်းပသည်။

ဆွေးနွေး

ညောင်ဦးမြို့နယ် ဂျမ်းလှီးကျေးရွာ ရွက်နုဝေစာကြည့်တိုက်၌ ကျင်းပသည့် နတ်တော်လ စာဆိုရာသီ စာဖတ်ပွဲတော်၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားဆွေးနွေးပြီး ငါ့သရောက်မြို့နယ် ဖြူကြီး ကျေးရွာ၌ ကျင်းပသည့် နတ်တော်လ စာဆိုရာသီ စာဖတ်ပွဲတော်၌ အနာဂတ်နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်၊ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့ကို ဖတ်ကြားဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်အောင်မြို့နယ် စမ်းရွာကြီး ကျေးရွာအုပ်စု အင်ပင်-ညောင်ခြေထောက်လမ်းပေါ်ရှိ ညောင်ခြေထောက် ကွန်ကရစ်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ရေး ကွန်ကရစ်ပိုင်တိုင်များ ဆောင်ရွက်ပြီးစီးမှုနှင့် သစ်များစုဆောင်းရရှိထားမှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပန်းမြို့တော် တည်ဆောက်ရေး ညှိနှိုင်းစည်းဝေး

ပြင်ဦးလွင် ဒီဇင်ဘာ ၂၂

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပန်းမြို့တော် တည်ဆောက်ရေးလုပ်ငန်းများ ၂၀၀၈-၂၀၀၉ခုနှစ် စီမံကိန်း ရည်မှန်းအဆိုပြုချက်များ ရေးဆွဲညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ၃ရက် မွန်းလွဲ ၁နာရီက ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးအောင်သီထွန်းက ပန်းမြို့တော်တည်ဆောက်ရေးလုပ်ငန်းများ၊ ၂၀၀၈-၂၀၀၉ခုနှစ် စီမံကိန်းရည်မှန်းအဆိုပြုချက်ရေးဆွဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ မိမိကျရာ တာဝန်များ ပါဝင်ဆောင်ရွက်ရေး ပြောကြားပြီး ဌာနဆိုင်ရာများက ပြန်လည် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(၂၈၀)**

9-1 (15) 1 1/9/08, 1:36 AM

တိလောက မာရဇိန်စေတီနှင့် ဗုဒ္ဓရုပ်ပွားတော်များပြုပြင်ရန် ငွေလှူဒါန်း

ဟင်္သာတ ဇန်နဝါရီ ၂

ဟင်္သာတမြို့ ညောင်ပင်ရပ်ကွက် မအူပင်လမ်း ဓမ္မာရာမညောင်ကုန်းကျောင်းတိုက် ပရဝဏ်အတွင်းတွင် ရှေးနှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်း တိလောကမာရဇိန်စေတီတော်မြတ်ကြီး သိဒ္ဓိရတနာ ဗုဒ္ဓရုပ်ပွားတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များ**(အပေါ်ပုံ)** ပြုပြင်မွမ်းမံလျက်ရှိရာ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အိမ်ကြီးလမ်းနေ ဘုရားဒါယကာ ဦးတင်အောင်၊ ဘုရားဒါယိကာမ ဒေါ်အေးညွန့်နှင့် သားသမီး၊မြေးမြစ်တို့က ဂြိုဟ်ခွင် ဘုရားကျောင်းဆောင်၊ တံခွန်တိုင်၊ ခေါင်းလောင်း၊ နဂါးဘုရားတို့ကို ပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၇သိန်းနှစ်သောင်း၊ ဦးစိန်ဝင်း-ဒေါ်ခင်စန်း(ဝင်းစန္ဒာစတိုး၊ အားကာဈေး၊ ဟင်္သာတမြို့)က ဂြိုဟ်ခွင်ဘုရားကျောင်းဆောင်အတွက် အလှူငွေကျပ်ငါးသောင်း၊ ဉာဏ်တော်အမြင့် ခြောက်ပေရှိ သိဒ္ဓိရတနာဘုရားရုပ်ပွားတော်ပြုပြင်ရန်အတွက် ဦးပျိုဝါ-ဒေါ်ကျင်သိန်း၊ သား ဦးမျိုးသန့်-ဒေါ်မူမူဆွေ(ရွှေသိန်းရောင်းဝယ်ရေး)၊ ဦးသိန်းရွှေ-ဒေါ်ကျင်ကြီး (စိန်ချွန်းအပ်ချုပ်ဆိုင်)၊ ဦးတင်ဝင်း-ဒေါ်ခင်မြတ်မာလာ(ရွှေဆုရှင်ငွေဆုရှင် ထီရောင်းဝယ်ရေး)၊ ဦးသန်းဌေးအောင်-ဒေါ်ခင်ပြုံးမြင့်(ဒုံးမြင်းဖိနပ်ဆိုင်)၊ ဦးသိန်းဇော်- ဒေါ်တင်တင်ငြိမ်း(လှိုင်သာယာ)မိသားစုတို့က ပြုပြင်မွမ်းမံ လှူဒါန်းပူဇော်ကြသည်။

လှူဒါန်းနိုင်

အဆိုပါ ကျောင်းဝင်းအတွင်းရှိ စေတီတော်မြတ်နှင့် ရုပ်ပွားတော်မြတ်များပြုပြင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ရင်ပြင်တော်ကြွေပြားခင်းခြင်း၊ အုတ်တံတိုင်းများကာရံခြင်း၊ အဆောက်အအုံများပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့ကို ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဦးစိုးသိန်း(ဂေါပကဥက္ကဋ္ဌ)မအူပင်လမ်း ဟင်္သာတနှင့် ဦးညိုရင်(ဂေါပက-ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၄၄-၂၁၅၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၄၆)**

မှော်ဘီ ပြန်/ဆက်စာဖတ်ဝိုင်း

မှော်ဘီ ဇန်နဝါရီ ၃

မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ဂနာရီတွင် ကုလားကုန်းကျေးရွာ ရွှေပြည်သစ် စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးညီညီထွန်းက အမှာစကား ပြောကြားပြီး**(အောက်ပုံ)**ကျေးရွာဥက္ကဋ္ဌက ချစ်နိုင်(စိတ်ပညာ)ရေးသားသော ယဉ်စမ်းပါ စိတ်ကူးစာအုပ်မှ ပညာနှင့်စည်းကမ်းကိုလည်းကောင်း၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းသူအောင်က ဒီဇင်ဘာ ၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကိုဖြောင့်၏ အနာဂတ်အတွက် ယနေ့မှစ၍ ကြိုတင်ပြင်ဆင်တို့ကိုလည်းကောင်း ဖတ်ကြားဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ်ငါးသောင်းနှင့် စစ်ကိုင်း မင်းကွန်းလမ်းအတွက် ငွေကျပ်တစ်သိန်းကို စမ်းချောင်းမြို့မြေနီကုန်း ရှမ်းကန်လမ်းနေ ဦးတင်ဝင်း-ဒေါ်စန်းစန်းတင့် မိသားစုက စစ်ကိုင်းရွှေကျောင်းနှင့် ရန်ကုန်ရွှေပြည်ဟိန်းကျောင်းဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၇)

သီပေါမြို့နယ်စည်ပင် ကတ္တရာထပ်ပိုးလွှာခင်း

သီပေါ ဒီဇင်ဘာ ၂၀

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော သီပေါမြို့ ဈေးရပ်ကွက် ဈေးအနောက်ဘက်လမ်း အရှည် ၂၆၅ပေ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းခွင်သို့ နိုဝင်ဘာ ၁၂ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့က ကွင်းဆင်းကြပ်မတ် စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မုဒုံမြို့မ (၄)ရပ်ကွက်တွင် ဒီဇင်ဘာ ၁၂ရက်က မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက် အကောင်အထည်ဖော်ရေး အစီအစဉ်အရ မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ခံ ရဲကျော်သူဉာဏ်ထွန်း ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မုဒုံမြို့မ(၄)ရပ်ကွက်အတွင်း မီးသုံးစွဲမှုသတိပြုရေး၊ မီးချိတ်မီးကပ် ထားရှိရေး ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်မီးသတ်)

မြင်းမူ မေတ္တာရှင်စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းမှု ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၊ စာအုပ်လှူဒါန်း

မြင်းမူ ဒီဇင်ဘာ ၂၀

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် လက်ပန်ကျေးရွာတွင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဣဓဇလက ငွေကျပ်သိန်း ၆၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသော အလျားပေ ၄၀၊ အနံပေ၄၀၊ အမြင့်၁၁ပေ၊ အုတ်ကာနှင့် သမံတလင်းခင်း မေတ္တာရှင်စာကြည့်တိုက် အဆောက်အအုံလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၁၀နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကား ပြောကြားသည်။

လက်ခံ

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာအုပ် ၅၀ ကို လည်းကောင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက လှူဒါန်းသော စာအုပ် ၂၀၀ ကို မြို့နယ်စာရင်းရုံး စာရင်းစစ် ဦးစီးအရာရှိ ဦးကိုကိုအောင်က လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုက မဂ္ဂဇင်းနှင့် ဂျာနယ်စုံ အုပ်၅၀ကိုလည်းကောင်း၊ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်၊ အတွင်းရေးမှူး ဦးချမ်းကြွယ်နှင့်စာကြည့်တိုက်မှူး ဦးကျော်နိုင်တို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုဝင်ဘာ ၃၀ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ပေါင်မြို့ ရေပေးရေးပိုက်လိုင်း၊ ကွန်ကရစ်ဒေါက်တိုင်များ ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မျက်စိဝေဒနာရှင်များ အခမဲ့ဆေးကုသပေး

ထားဝယ် ဒီဇင်ဘာ ၂၀

ထားဝယ်မြို့ ခုံဝင်းဒပ်ရပ်ကွက်နေ အလှူရှင် ဦးကင်းစိန်(သီဟသုဓမ္မမဏိဇောတဓရ)-ဒေါ်ရီရီစန်း မိသားစုက လှူဒါန်းမှုဖြင့် ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ မျက်စိဝေဒနာရှင်များအား အခမဲ့ ဆေးကုသပေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ၉ရက်မှ၁၂ရက်အထိ ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပရာ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ကျင်စန်းယဉ်နှင့် အထူးကုဆရာဝန်များက ပြင်ပလူနာ၁၃၉၆ဦး၊ မျက်မှန်စမ်းသပ်မှု ၅၉၂ဦး၊ မျက်မှန်လှူဒါန်းခြင်း ၂၀၀နှင့် မျက်စိခွဲစိတ်ကုသခြင်း ၁၉၁ဦးတို့ကို အခမဲ့ဆေးကုသပေးခဲ့သည်။

လှူဒါန်း

အဆိုပါ အခမဲ့ဆေး ကုသခြင်းအတွက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ဦးကင်းစိန်(သီဟသုဓမ္မမဏိဇောတဓရ)- ဒေါ်ရီရီစန်းမိသားစုက မျက်စိအခမဲ့ကုသခြင်းအတွက် အလှူငွေကျပ် ၉၅ သိန်း၊ထားဝယ်ဆေးရုံကြီး ဆေးပဒေသာပင်နှင့်သွေးလှူဘဏ်အတွက်ငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းရာ ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်မြတ်စိုးနှင့် ထားဝယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ထွန်းနေအောင်တို့က လက်ခံယူကြသည်။**(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျောက်ပန်းတောင်း အထက(၂) အာစရိယပူဇော်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၃

ကျောက်ပန်းတောင်းမြို့ အထက(၂) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၄ရက်က အထက(၂)ကျောင်းခန်းမ၌ ကျင်းပသည်။

အာစရိယပူဇော်ပွဲတွင် ကန်တော့ခံ (အငြိမ်းစား) ဆရာကြီးဆရာမကြီး ၆၂ ဦးတို့အား တစ်ဦးလျှင် ကန်တော့ငွေကျပ် ၃၀၀၀၀နှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကွယ်လွန်သွားကြသော ဆရာကြီး ဆရာမကြီးများအား ရည်စူး၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးရွှေသင်္ကန်းကပ်လှူရန်(ပဉ္စမ)အကြိမ်မြောက် အလှူငွေကျပ်တစ်သောင်း၊ အရှင်ဆန္ဒာဓိက(ရွှေပါရမီ) ဓမ္မစာပေအတွက် ထာဝရငွေပဒေသာပင်(ပဉ္စမ) အကြိမ်မြောက် အလှူငွေကျပ်တစ်သောင်းနှင့် ကျောက်ပန်းတောင်းမြို့ သာသနပါလ နေ့စဉ် ဆွမ်းလောင်းအသင်းကြီး အတွက် ထာဝရငွေပဒေသာပင်(ဆဋ္ဌမ) အကြိမ်မြောက် ငွေကျပ်နှစ်သောင်းတို့ကို လှူဒါန်းကြပြီး ဆက်လက်၍ နှစ်စဉ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများက ထာဝရ ငွေပဒေသာပင် အလှူငွေကျပ် တစ်ဆယ့်နှစ်သိန်းငါးသောင်း၊ ကျောင်းသားဟောင်း ဗိုလ်ကြီးမြသောင်း-ဒေါ်သင်းသင်းအေး မိသားစုက အလှူငွေ ကျပ်တစ်သိန်းနှင့် ကန်တော့ခံဆရာမကြီး ဒေါ်ရွှေပေါ (မြိုင်မြို့နယ်ပညာရေးမှူး)က ပညာရေး ငွေပဒေသာပင် အလှူငွေကျပ် သုံးသောင်း လှူဒါန်းခဲ့ကြပြီး အထက(၂) ကျောင်း စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး အတွက် သုတ၊ရသ စာအုပ်များနှင့် ဂျာနယ်ပေါင်းစုံ စုစုပေါင်းစာအုပ် ၅၇၀ လှူဒါန်းခဲ့ကြသည်။ **(က-ပ)**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါက်တာတင်မြတ်ထွေး (ကထိက) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ ၂/၂၀၀၈ ဂုဏ်ထူးဆောင်တံဆိပ် အပ်နှင်းပွဲတွင် သိပ္ပံပညာထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်အနာဂတ်တွင်လည်း အောင်မြင်မှုများစွာကို ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မေမေ	–	ဒေါ်တင်ရွှေ
မမ	–	အေးအေးမော် (မနှင်းဆီ) B.A (Myanmar)
မမ	–	ထွေးထွေးမော် (မိုးကျော်) B.Sc (Maths)
ညီမ	–	တင်မြတ်ထွန်း (အီစု) B.Sc (Physics)Q

နေလ ရတနာရွှေဆိုင်မိသားစု၊ မင်္ဂလာဒုံဈေး။

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်တွင် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် အောက်ပါ စာရေးကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ဦးရေ
၁။	ဖယောင်းစက္ကူ(ယိုးဒယား)	၁၀၇ ထုပ်
၂။	စစ်တောင်းစက္ကူ(60 gm)	၂၅၇ ထုပ်
၃။	နိုင်ငံခြားစက္ကူ(A4 70 gm)	၁၉၈ ထုပ်
၄။	စစ်တောင်းစက္ကူ(80 gm)	၁၇၀ ထုပ်
၅။	အခြားစာရေးကိရိယာများ	

၂။ တင်ဒါပိတ်မည့်ရက်၊ အချိန် ၁၄–၁–၂၀၀၈ရက်(တနင်္လာနေ့) ညနေ၄း၀၀နာရီ

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို မြစ်ကြီးနားတက္ကသိုလ် ဘဏ္ဍာရေးဌာနသို့ ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်–၀၇၄–၂၂၆၆၃သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြစ်ကြီးနားတက္ကသိုလ်။

မိဘအမည်မှန်

အထက(ခွဲ)နောင်မွန်၊ ပထမတန်း(B) မှ မောင်ဝေယံကျော်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကွေးချမ်းနှင့် ဒေါ်ရန်လောက်ကြူ ဖြစ်ပါကြောင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၃၁၁၀ Toyota Corolla S/Wယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းလွင် ၁၂/အစန(နိုင်) ၁၅၇၄၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အနောက်ပိုင်းခရိုင်ရုံး၊(သဃ်န်းကျွန်းမြို့)။**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

မြဝတီမြို့ ရွှေကုက္ကိုမြိုင်ကျေးရွာ အလယ်တန်းကျောင်းဆောင်သစ်ဖွင့်

မြဝတီ ဒီဇင်ဘာ ၂၅

မြဝတီခရိုင် မြဝတီမြို့နယ် ရွှေကုက္ကိုမြိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် နိုင်ငံတော်အလံကိုအလေးပြုပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် နေလင်း၊ ပြည်နယ်ပညာရေးမှူး ဦးအန်းကူနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်**(အောက်ပုံ)**နှင့် ပြည်နယ်ပညာရေးမှူးတို့က အဖွင့်အမှာစကားနှင့် ပညာရေးဆိုင်ရာများ ရှင်းလင်းပြောကြားကြသည်။

အကုန်အကျခံ

ထို့နောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ပညာရေးမှူးက လက်ခံယူပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၈၀၊ အနံ ၃၆ပေရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်၁၁၂၆ သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း ပုသိမ်မြို့၌ဖွင့်

ပုသိမ် ဇန်နဝါရီ ၂

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော်သည် ဒီဇင်ဘာ၂၃ရက် နံနက်၉နာရီခွဲက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော ပုသိမ်၊ မြောင်းမြနှင့် ဟင်္သာတခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရှေးဦး ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

အမှာစကား

ရှေးဦးစွာ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းလူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသာထွန်းက ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၄၉ ဦး တက်ရောက်ကြောင်း သိရသည်။ **(က–ပ)**

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကြာနီကန်ကျေးရွာ နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစက်ရုံ၊ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၆ ရက်က အမှုဆောင်အရာရှိဦးဝင်းမော် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုကိုက ရှင်းလင်းတင်ပြစဉ်။ (၀၆၄)

မင်းဘူးခရိုင် ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းဆွေးနွေး

မင်းဘူး ဒီဇင်ဘာ ၃၁

မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို ဒီဇင်ဘာ၁၄ရက်က ကျင်းပရာ ဒီဇင်ဘာ ၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဒီဇင်ဘာ ၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ ဆင်ကရွာမှ အလင်းအိမ် ဆောင်းပါးနှင့် စာဆိုဂုဏ်ပြုသည် ရတု ဆောင်းပါး၊ ဒီဇင်ဘာ၈ရက်ထုတ် ကြေးမုံသတင်းစာပါ ကိုဖြော်ငှ ၏ အနာဂတ်အတွက် ယနေ့မှစ၍ ပြင်ဆင်ပါ ဆောင်းပါးတို့ကို ဓာတ်ပုံ ကျွမ်းကျင်–၂ ဦးအောင်မြင့်ဦး၊ ရုပ်သံ ကျွမ်းကျင်–၃ ဒေါ်မြတ်မြတ်မော်နှင့် ပုံနှိပ်ကျွမ်းကျင်–၅ ဒေါ်ခင်မျိုးလွင်တို့ က ဖတ်ကြားပြီး ရုပ်သံကျွမ်းကျင်–၃ ဒေါ်နီလာစိုး၊ အကြီးတန်းစာရေး ဒေါ်ယဉ်ယဉ်ထွေးတို့က ဝိုင်းဖွဲ့ဆွေးနွေးရာ ခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့် ဒုတိယဦးစီးမှူး ဦးကျော်စိုးတို့က ပြန်လည်သုံးသပ်ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စွမ်းစွမ်းတမံဆောင်ရွက်သူများဂုဏ်ပြု

ကျောင်းကုန်း ဇန်နဝါရီ ၃

ကျောင်းကုန်းမြို့ မြို့မအမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၇ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် နယ်မြေ(၁၇)ခုမှ ရာအိမ်မှူးများအား ဂုဏ်ပြုဆုနှင့် လက်ဆောင်များပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ ညနေ ၆နာရီက ဧရာဝတီတိုင်းကျောင်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုလက်ဆောင်များကို မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်၊မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် အမှတ်(၂)ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က နယ်မြေ (၁၇)ခုမှ ရာအိမ်မှူးများကို ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ **(အောက်ပုံ) (၂၆၅)**

(၁၁၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

မြောက်ဥက္ကလာပမြို့ (၂)ရပ်ကွက် အာသာဝတီ(၁)လမ်း အမှတ်၃၂နေ ဦးအေးကိုသည် ဒီဇင်ဘာ၁၉ရက်က မြောက်ဥက္ကလာပ အထွေထွေ ရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး၌ မြောက်ဥက္ကလာပ သွေးလှူရှင်အသင်း စုပေါင်း သွေးလှူဒါန်းပွဲတွင် (၁၁၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

အင်းစိန် အလက(၁) ကျောင်းပြုပြင်ရန် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် တောင်သူကုန်းရပ်ကွက်၌ လွန်ခဲ့သော နှစ်ပေါင်း ၄၀ခန့်က တည်ဆောက်ခဲ့သော အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှာ ယခုအခါ အဆောက်အအုံများ၊ ကျောင်းသုံးပရိဘောဂများ ပျက်စီးစပြုလာသဖြင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကကြီးမှူး၍ စတင်ပြုပြင် ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသည့် ကျောင်းသားကျောင်းသူဟောင်းများနှင့် စေတနာရှင်များသည် ကျောင်းအုပ်ဆရာမကြီး ဖုန်း–၆၄၁၈၅၈၊ ဦးသြဂုတ်စတင်း ဖုန်း–၆၄၃၅၂၉၊ ၀၉–၅၀–၃၁၇၇၀၊ ဦးစိုးဝင်း ဖုန်း–၆၄၃၈၂၆၊ ဦးထွန်းရင်လင်း ဖုန်း–၆၄၀၁၈၀၊ ၀၉–၅၁–၅၉၃၇၇နှင့် ဦးစောထွန်းဝိုက် ဖုန်း–၆၄၂၄၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၃)**

9-1 (17) 1 1/9/08, 1:36 AM

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

အမှတ်(၈၅)သစ်စက် ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဓမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၈၅) သစ်စက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနမှ လုပ်ငန်းများ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်စေရေး ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၅ ရက်တွင် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင် ကြိုးဝိုင်းအတွင်းရှိ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း ၂၀၀၄ ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၃၀၀၊ ၂၀၀၅ ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၈၀၀ နှင့် ၂၀၀၇ ခုနှစ် သစ်မာမျိုးစုံ(ယင်းမာ) စိုက်ခင်းဧက ၅၀ တို့သို့ ရောက်ရှိပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁

ဆောင်းနှင်းပျပျ

ဟားခါး	၀ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
နမ့်ဆန်	၄ ဒီဂရီစင်တီဂရိတ်

အိုင်တီနည်းပညာရပ်များ ဆွေးနွေးဖလှယ်နိုင်သည့် အိုင်တီစကားဝိုင်း

နည်းပညာသတင်း – မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံရဲ့ အိုင်တီကဏ္ဍဟာ တဖြည်းဖြည်းနဲ့ ဖွံ့ဖြိုးတိုးတက်လာနေသလို အိုင်တီအပေါ်စိတ်ဝင်စားတဲ့ လူငယ်တွေလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားနေတာဟာ ဝမ်းမြောက်ဝမ်းသာစရာ ဖြစ်ရပ်ပါပဲ။

ဖလှယ်ခွင့်ရရှိ

ဒီလိုအိုင်တီပညာရပ်တွေ ပိုမိုပျံ့နှံ့လာစေဖို့အတွက် အိုင်တီအကြောင်း စကားဝိုင်းတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေလည်း ပိုလုပ်လာကြတာမို့ လူငယ်တွေအတွက် အိုင်တီနည်းပညာနဲ့ပတ်သက်ပြီး ဖလှယ်ခွင့်လည်း ရရှိနေကြပြီဖြစ်ပါတယ်။

ဒီလို အိုင်တီနည်းပညာနဲ့ပတ်သက်တဲ့ စကားဝိုင်းအမှတ်(၄)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းမှာရှိတဲ့ အမျိုးသားဝိုင်အမ်စီအေ အဆောက်အအုံ ပထမထပ်မှာ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၃

အိုင်တီမူပိုင်ခွင့်နဲ့ပတ်သက်ပြီး ဆွေးနွေးနေတာပါ။ ဦးကျော်ညွန့်၊ ရေကြောင်းဥပဒေပါမောက္ခ(အငြိမ်းစား)

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

9-1 (20) 1 1/9/08, 1:36 AM